သို့

ဥက္ကဋ္ဌ

စုံစမ်းစစ်ဆေးရေးကော်မရှင်

ရန်ကုန်မြို့

(၂၀၁၂)ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်

အကြောင်းအရာ ။ ။ရခိုင်ပြည်နယ် ပဋိပက္ခနှင့်စပ်လျဉ်း၍ အကြံပြုစာတမ်းပေးပို့ခြင်း။

လူကြီးမင်းခင်ဗျား–

ပုဂံရာဇဝင်ကို လေ့လာဆွေးနွေးလိုလျှင် တုတ်ထမ်းပြီး ဆွေးနွေးကြရမည်ဟု အဆိုရှိပါသည်။ ယခု ရခိုင်ရာဇဝင်ဆွေးနွေးလိုလျှင် ဓားထမ်းဆွေးနွေးရမည့် အခြေအနေရောက်နေသည်ဟု နားလည်မိပါသည်။ သမိုင်းကို မျက်ကွယ် မပြုလိုပါ။ လူကြီးမင်းတို့ ဌာနတွင် သမိုင်းအထောက်အထား အများအပြားရှိနေသည်ဟုယုံကြည်ပါသည်။ ဘက်နှစ်ဖက်ကလည်း သမိုင်းအထောက်အထား အများအပြားကို တင်ပြကြမည်ဟုလည်း ယုံကြည်ပါသည်။

ကျွန်တော်များအနေဖြင့် လောလောဆယ် ဖြစ်ပျက်နေသည့် အကြောင်းအရာများ၊ လောလောဆယ် ပြည်တွင်း ပြည်ပ သတင်းဌာနများမှ ထုတ်ပြန်ချက်များကို အခြေခံ၍ တင်ပြလိုပါသည်။ သမိုင်းအထောက်အထားများအရေးပါသကဲ့သို့ လောလောဆယ်ဖြစ်ပျက်နေသည့် ပြည်တွင်းပြည်ပသတင်းများသည်လည်းအထိုက်အလျောက်အရေးကြီးသည်ဟုမှတ်ယူပါသည်။ နည်းနည်းပါးပါးတော့ သတိပြုသင့်ပါသည်။ အလေးထားသင့်ပါသည်။

ထို့ကြောင့် ကျွန်တော်များအနေဖြင့် အချို့အချက်အလက်များကို ဤစုံစမ်းစစ်ဆေးရေးကော်မရှင်အတွက် အသုံးတည့်မည်ဟုယုံကြည်ပါသည်။ အချက်အလက်များကိုလည်း အတိုချုပ်တင်ပြခြင်းဖြစ်ပါသည်။ အနှစ်(၅၀)ခန့် အမှောင်ချခံထားရသည့်အတွက် ပြည်သူများသည်လည်း သတင်းအချက်အလက် အတော်များများကို မျက်ခြည်ပြတ်နေကြပြီးဖြစ်သည်။

အချို့ပြည်သူများက ယခုပဋိပက္ခကြီးသည် တိုက်ဆိုင်၍ ရုတ်တရက်ထဖြစ်သည်ဟု ယုံကြည်ကြပါသည်။

အချို့ကလည်း ဤပဋိပက္ခကြီးဖြစ်ရန် မူလကတည်းက အကြောင်းခံများစွာရှိနေသည်ဟု ယုံကြည်ကြပါသည်။ကျွန်တော်များကလည်း ထိုသို့ယုံကြည်သည့်အတွက် ယုံကြည်သည့်အတိုင်း ယခု အကြံပြုစာတမ်းကို ရေးသားတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

(ဖိုးလှိုင်)

B.Sc.,H.G.P,R.L

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


**အခန်း(၁)**

၁။ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေသောပဋိပက္ခဖြစ်ပွားရသည့်အကြောင်းရင်းများ ၁

(က) ပဋိပက္ခဖြစ်ရသည့် လတ်တလောအကြောင်းရင်းများ

(၁) မုဒိန်းမှုကျူးလွန်သူတရားခံများ ၁

(၂) ရဲအချုပ်တွင် ဆွဲကြိုးချ သေဆုံးမှုနှင့် စပ်လျဉ်း၍ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ငယ်ဖွဲ့၍ဖော်ထုတ်ရန် ၃

(၃) သရက်သီးခူးထွက်သူ တရားခံအတု (၂)ဦး ၄

(၄) ရခိုင်ပဋိပက္ခကြီးသည် တိုက်ဆိုင်မှုလား/ဖန်တီးမှုလား ၅

(၅) (၁၀)လောင်းပြိုင်လူသတ်မှု ၆

(ခ) ပဋိပက္ခဖြစ်ရသည့် မူလအကြောင်းခံများ

(၁) ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမမှန် ၈

(၂) သမိုင်းဖျောက်ဖျက်ခြင်း ၁၀

(၃) မမှန်သတင်းဖြန့်ခြင်း၊ ပုံကြီးချဲ့ခြင်း ၁၂

(၄) နယ်များတွင် အသုဘချရန် လူငယ်များမရှိ ၁၃

(၅) အမိန့်မရလျှင် ရေတောင်မသောက်ရ ၁၅

(၆) (၁၉၈၂)ခုနှစ် နိုင်ငံသားဥပဒေကိုဖောက်ဖျက်ကျူးလွန်သူဘယ်သူလဲ ၁၇

(၇) ကမ္ဘာကသိသော ကမ္ဘာကျော် နဂါးမင်းစီမံချက် ၁၈

(၈) လှေစီးပြီး ပင်လယ်သမုဒ္ဒရာထဲသို့ ထွက်ပြေးကြမလား လိုက်ချင်လျှင် ပိုက်ဆံပေး ၂၀

(၉) ပြည်တွင်းနေ ခရီးသွားများအား သတ်ဖြတ်ကြ ၂၂

(၁၀) ပင်လယ်သမုဒ္ဒရာထဲသို့ ထွက်ပေါက်ပေးပါ ၂၃

(၁၁) ဘယ်ဘက်လက်မောင်းတွင် ကျောက်ရောဂါကာကွယ်ဆေးထိုး ထားပါသလား ၂၄

(၁၂) ချင်းပြည်နယ်နှင့် ဘင်္ဂလားဒေ့(ရှ်)နယ်စပ်ရှိ ချင်းပြည်သူများ နိုင်ငံခြားသို့ ဘယ်အပေါက်မှ ထွက်ပြေးကြသလဲ ၂၅

(၁၃) ပိန်းရွက်စားကြမလား ၂၇

(၁၄) စကပ်ချွတ် – ထဘီဝတ် – ထဘီချွတ် – စကပ်ဝတ် ပဋိပက္ခ၏မူလအကြောင်းခံတစ်ရပ် ၂၈

(၁၅) ရွာဘုရား ရွာသား မလေးစား ၂၉

(၁၆) တော်လှန်ရေးကောင်စီ၏ လူမျိုးစု (၁၃၅)မျိုး ၃၀
(၁၇) လူမျိုးစု (၁၄၄)မျိုးစာရင်း ဘယ်ပျောက်နေသလဲ
(၉)မျိုး ဘယ်လို ပျောက်သွားသလဲ ၃၃
(၁၈) အကြမ်းဖက်သမားက ကိုဆိုပိုနှင့် ပါလက်စတိုင်းကို
ထောက်ပြ၍ လှုံ့ဆော်ခြင်း ၃၅
(၁၉) ရခိုင်ပြည်နယ်ပဋိပက္ခသည် ဘာသာရေးပဋိပက္ခဟုတ်/မဟုတ် ၃၇
(၂၀) ဝတ်ကျောင်းတော်များနှင့် စာသင်ကျောင်းများကို ဖျက်ဆီးခြင်း ၃၉
(၂၁) ပုဒ်မ(၁၄၄)ကို အကာအကွယ်ယူ၍ တိုက်ခိုက်ခြင်း ၄၀
(၂၂) လူမျိုး(၂)မျိုးကြား ရန်တိုက်ပေးနေပါသလား ၄၁
(၂၃) အင်းစိန်ထောင်မှ နှစ်ရှည်ထောင်ကျ ရိုဟင်ဂျာ–မူဂျာဟစ်များ၊
ဘယ်ပျောက်သွားသလဲ ၄၃

အခန်း(၂)

၂။ ပဋိပက္ခဖြစ်ပွားမှုကြောင့် သေဆုံး၊ဒဏ်ရာရမှုများနှင့် ပျက်စီးဆုံးရှုံးမှုများ ၄၄
(၁) တောင်ကုတ်လူသတ်မှုတွင် သေဆုံးသူများ ၄၄
(၂) ပဋိပက္ခတွင် မပါလိုသူများ အသတ်ခံရ ၄၄
(၃) မီးလောင်ရာတွင် ပိတ်မိပြီး မီးလောင်သေဆုံးကြရသူများ ၄၄
(၄) မီးဘေးမှ ထွက်ပြေးလွတ်မြောက်သူများ၊ သေနတ်ဒဏ်ရာ၊
ဓားဒဏ်ရာဖြင့် သေကြရ ၄၄
(၅) ထောင်အတွင်း အချုပ်ခန်းအတွင်း အများအပြားသေဆုံး ၄၅
(၆) လှေစီးထွက်ပြေးသူများ သေကြရ ၄၅
(၇) အိုးအိမ် အပျက်အစီး ၄၅

အခန်း(၃)

၃။ တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် ဥပဒေစိုးမိုးရေး ဆောင်ရွက်မှု ၄၆
(၁) လုံထိန်းများ ဥပဒေစိုးမိုးမှုမရှိ ၄၆

အခန်း(၄)

၄။ ကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ
ဆောင်ရွက်ပေးနိုင်မှု ၄၇
(၁) ရိုဟင်ဂျာ ဒုက္ခသည်စခန်း ၄၇
(၂) ဆွေမျိုးများ၏ နေအိမ်များတွင် ခိုလှုံနေကြသည့် ဒုက္ခသည်များ ၄၇

## အခန်း(၅)

၅။ ပဋိပက္ခချုပ်ငြိမ်းရေးအတွက် ရေတို၊ ရေရှည် ဆောင်ရွက်သင့်သည့်အချက်များ

(၁) ရခိုင်ဒေသရှိ အစ္စလာမ်ဘာသာဝင်များအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးရန် ၄၈

(၂) နိုင်ငံခြားအလုပ် လုပ်ခွင့်အပါအဝင် ခရီးသွားခွင့်ပြုပါ ၄၈

(၃) ဘင်္ဂလားဒေ့(ရှ်) နယ်စပ်ကို အုတ်တံတိုင်းမြင့်မြင့်ကာပါ ၄၉

(၄) ခရစ်ယာန်နှင့် ဟိန္ဒူ လုံထိန်းများခန့်ထားရန် ၄၉

(၅) လူနည်းစုအခွင့်အရေးများ ပြဋ္ဌာန်းရန်လိုသည် ၄၉

(၆) လူများစုက ပြည်သူ့စစ်ဖွဲ့၍ လက်နက်တပ်ဆင်ပေးရန်တောင်းဆို ၄၉

## အခန်း(၆)

၆။ ကွဲပြားသော ဘာသာအယူဝါဒရှိသူ မတူညီသည့် လူမျိုးစုများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်မည့် နည်းလမ်းများ

(၁) အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းများ၊အပြည်ပြည်ဆိုင်ရာစာချုပ်များ၊ နိုင်ငံတကာဥပဒေများ ၅၀

(၂) အာဏာပိုင်အဖွဲ့အစည်းအတွင်းကွဲပြားသောဘာသာအယူဝါဒရှိရန်လို ၅၁

(၃) ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်၍ အရေးယူအပြစ်ပေးရန် ၅၁

## အခန်း(၇)

၇။ ဥပဒေစိုးမိုးရေး အကြံပြုချက်များ ၅၂

## အခန်း(၈)

၈။ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကြံပြုချက်များ

(၁) လျှပ်စစ်မီး ၅၃

(၂) ဈေးဆိုင်များ ၅၃

(၃) လမ်းတံတားများ ၅၃

(၄) ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရန်လို ၅၃

(၅) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၅၄

(၆) (၅၀၀၀)ကျပ်တန်ဖုန်း ၅၄

(၇) အာဆီယံ အစည်းအဝေးများ၊ နိုင်ငံတကာ အားကစားပွဲများနှင့် ဖိတ်ခေါ်ပွဲများကျင်းပရန် ၅၄

(၈) ပညာရေးကဏ္ဍ ၅၄

(၉) ကမ္ဘာ့ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ ၅၅

# အခန်း(၁)

## ၁။ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေသော ပဋိပက္ခဖြစ်ပွားရသည့် အကြောင်းရင်းများ

မကြာမီက ဖြစ်ပွားခဲ့သော ရခိုင်ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားစေသော ပဋိပက္ခဖြစ်ပွားရသည့် အကြောင်းရင်းများကို အကြမ်းအားဖြင့် (၂)ပိုင်းခွဲခြား၍ တင်ပြလိုပါသည်။ ပထမပိုင်းမှာ အရေးအခင်းဖြစ်ရသည့် လတ်တလောအကြောင်းရင်းများနှင့် ဒုတိယပိုင်းမှာ ပဋိပက္ခဖြစ်ပွားရသည့် မူလအကြောင်းခံများဟူ၍ တင်ပြပါမည်။

### (က) ပဋိပက္ခဖြစ်ရသည့် လတ်တလောအကြောင်းရင်းများ

ပဋိပက္ခဖြစ်ရသည့် လတ်တလောအကြောင်းရင်းများတွင် ကျောက်နီမော် မုဒိမ်းမှုနှင့် တောင်ကုတ်လူသတ်မှု ပြစ်မှုနှစ်ခုကို တင်ပြပါမည်။ ထိုပြစ်မှုနှစ်ခုကို ပြစ်မှုဆိုင်ရာ ဥပဒေနှင့်အညီ ရိုးရိုးသားသား အမြင်နှင့် ဖြေရှင်း အရေးယူရပါမည်။ နိုင်ငံရေး၊ ဘာသာရေး လှုံ့ဆော်မှု မပြုလုပ်သင့်ပါ။ ယခုမူ ဤပြစ်မှုနှစ်ခုကို အရင်းတည်၍ အမြတ်ထုတ်ခဲ့ကြသူများရှိပါသည်။ ထိုသို့အမြတ်ထုတ်ခဲ့ကြသူများမှာ–

(က) လုံထိန်းတပ်ဖွဲ့ဝင်အချို့နှင့် ဒေသဆိုင်ရာ အာဏာပိုင်အချို့

(ခ) ပြန်ကြားရေးဝန်ကြီးဌာနနှင့်

(ဂ) နိုင်ငံရေးပါတီနှစ်ခုတို့က ဘာသာရေးနှင့် နိုင်ငံရေးအမြတ်ထုတ်ခဲ့ကြပါသည်။

### (၁) မုဒိမ်းမှုကျူးလွန်သူတရားခံများ

မုဒိမ်းမှုကျူးလွန်သူဟု စွပ်စွဲခံရသူ တရားခံ(၃)ဦးရှိပါသည်။ စွပ်စွဲခံရသူအဆင့်တွင် ဤတရားခံ(၃)ဦးသည် အစ္စလာမ်ဘာသာဝင်များဖြစ်ကြောင်း၊ ကျူးလွန်သူတရားခံအစစ်များဖြစ်ကြောင်း အပြီးသတ်ဆုံးဖြတ်ပြီးသကဲ့သို့ ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနထုတ် နိုင်ငံပိုင်သတင်းစာများတွင်လည်း ဤသို့ ထပ်ဆင့် သတင်းထုတ်ပြန်ခဲ့ပါသည်။ နိုင်ငံရေးပါတီကြီး(၂)ခုကလည်း အလံများထူ၍ ပဋိပက္ခများကို အမျိုးသားရေး ကြွေးကြော်သံဖြင့် အကြမ်းဖက်မှုများကျူးလွန်လာကြပါသည်။ စွပ်စွဲခံရသူ(၃)ဦးအနက် အဓိကတရားခံဖြစ်သူမှာ အစ္စလာမ်ဘာသာဝင် မဟုတ်ပါ။ အစ္စလာမ်ဘာသာဝင် မွေးစား မိဘနှစ်ပါးက မွေးစားထားသည့် ရခိုင်လေးသာဖြစ်ပါသည်။ ခန္ဓာကိုယ်တွင် ဆေးမင်ကြောင်များ ထိုးထားပါသည်။

အစွလာမ်ဘာသာဝင်မှန်ခဲ့လျှင် ဆေးမင်ကြောင်ထိုးမည်မဟုတ်ပါ။ ဆေးမင်ကြောင်တွင် ဘာသာရေးယုံကြည်ချက်များထိုးထားပါသည်။သို့သော်၄င်းအဓိကတရားခံသည်ရက်ပိုင်းအတွင်း ရဲအချုပ်တွင် အပြီးသတ်နှုတ်ပိတ်ခံရသည်။ရဲကဆွဲကြိုးချသေဆုံးသည်ဟုကြေညာပါသည်။

အချုပ်ခန်းအတွင်း အချုပ်သားများ ပြည့်ကျပ် ပြွတ်သိပ်သော အနေအထားတွင် ဆွဲကြိုးချသေနိုင်ပါသလား၊ ယုတ္တိရှိပါသလား၊ မေးခွန်းများစွာ ပေါ်လာပါသည်။ လူမျိုးရေး ဘာသာရေးပဋိပက္ခကို မဖြစ်မနေဖြစ်စေလိုပါသလား၊ ရဲအချုပ်တွင်ပေးသည့် ဝန်ခံချက်၊ ဖြောင့်ချက်သည် ဘယ်အတိုင်းအတာအထိ ယုံကြည်ရပါသလဲ၊ ဘယ်အတိုင်းအတာအထိ မှန်ကန်ပါသလဲ၊ သန်လျင်ရေနံချက်စက်ရုံပုံးခွဲမှု တရားခံများ၏ ဝန်ခံချက်သည် ကမ္ဘာကျော် ဝန်ခံချက်ကြီးအဖြစ် ကျော်ကြားနေဆဲပင်ရှိပါသည်။ ယခုအမှုတွင် အမှုတွဲပါနှစ်ဦးသည်လည်း တရားခံအစစ်များမဟုတ်ဘဲ သရက်သီးခူးထွက်သည့် သာမန်ရွာသား(၂)ဦးသာဖြစ်ကြောင်း ကြားသိရပါသည်။၄င်းတို့(၂)ဦးကို ရန်ကုန်မြို့တွင်ပြန်လည်စစ်ဆေးသင့်ပါသည်။ NGO, INGO, သတင်းသမားများနှင့် ဧရာမျိုးဆက်များကိုလည်း တက်ရောက်နားထောင်ခွင့်ပြုသင့်ပါသည်။ အကြောင်းမှာ ဤအမှု၏ နောက်ကွယ်တွင် အလွန်အဖိုးထိုက်တန်သည့် အချက်အလက်များ ရှိနိုင်သည်။ လျှို့ဝှက်ချက်များရှိနိုင်သည်။ တရားခံအစစ်များ ဒုနဲ့ဒေးနဲ့ရှိနိုင်သည်။ မုဒိန်းမှု ကျူးလွန်ရန် စီစဉ်သည့်အဖွဲ့၊ ကျူးလွန်သည့်အဖွဲ့၊ ဝါဒဖြန့်သည့်အဖွဲ့၊ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများဖန်တီးသည့် အဖွဲ့များရှိသည်။ ဤအမှုကို အမှုမှန်ဖော်နိုင်မှသာလျှင် နိုင်ငံတော် သမ္မတက ဖွဲ့စည်းပေးသည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။ သို့မဟုတ်ပါက ယခုဖြစ်ပွားခဲ့သော ပဋိပက္ခ၏ အကြောင်းရင်းကို မည်သို့မှ ဖော်ထုတ်နိုင်မည် မဟုတ်ပါ။

ဤမုဒိန်းမှုမတိုင်မီ ဖြစ်ပွားခဲ့သည့် ဂျပန်အမျိုးသမီး မုဒိန်းကျင့်ခံရမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်တည်ငြိမ်ရေးနှင့်အေးချမ်းရေးကို မည်သို့မျှ မထိခိုက်ခဲ့ပါ။ မြန်မာတစ်နိုင်ငံလုံးတွင် အခြားဖြစ်ပွားခဲ့သည့် မုဒိန်းမှုများ၊ ဖြစ်ပွားဆဲ မုဒိန်းမှုများလည်း တည်ငြိမ်ရေးနှင့်အေးချမ်းရေးကို မထိခိုက်ခဲ့ပါ။ယခုဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ်ပဋိပက္ခမျိုး မဖြစ်ပေါ်ခဲ့ပါ။ မဖြစ်ပေါ်စေရန်လည်း ရဲတပ်ဖွဲ့အပါအဝင် တာဝန်ရှိသူများက အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ဟု ယုံကြည် ပါသည်။ထို့ကြောင့် ဤမုဒိန်းမှုကို ရန်ကုန်တွင် ပြန်လည်စစ်ဆေး၍ အမှုမှန်ဖော်ထုတ်နိုင်မှ သာလျှင် ရခိုင်ပြည်နယ်အနာဂတ်တွင် ပဋိပက္ခများ အလျှင်းမပေါ်ပေါက်စေရန် စီမံချက်များ ရေးဆွဲဆောင်ရွက်နိုင်မည်ဟု အလေးအနက်အကြံပြုတင်ပြအပ်ပါသည်။

ထို့ကြောင့် ရန်ကုန်မြို့တွင် ပြန်လည် စစ်ဆေးပေးပါရန် အကြံပြုအပ်ပါသည်။

## (၂) ရဲအချုပ်တွင် ဆွဲကြိုးချသေဆုံးမှုနှင့်စပ်လျဉ်း၍ အထူးစုံစမ်းစစ်ဆေးရေး အဖွဲ့ငယ်ဖွဲ့စည်းတာဝန်ပေးအပ်၍ အမှုမှန်ဖော်ထုတ်ရန်။

သေဆုံးသူတရားခံ၏ခန္ဓာကိုယ်တွင်ဒဏ်ရာမျိုးစုံရှိသည်၊ ညှဉ်းပန်းနှိပ်စက်မှုဒဏ်ရာမျိုးစုံ ခံရသည်၊သေလောက်သည့် ဒဏ်ရာများရှိသည်၊နှုတ်ပိတ်ခံရသည်၊ အဖွဲ့အစည်းဖြင့် အုပ်စုဖွဲ့၍ နှုတ်ပိတ်ခဲ့သည် စသည် စသည်ဖြင့် ယုံကြည်ရန် အခြားအကြောင်းများစွာလည်းရှိပါသည်။

ဤသေဆုံးမှုကို ဖော်ထုတ်နိုင်လျှင် သေဆုံးသူသည် အစ္စလာမ်ဘာသာဝင်မဟုတ်ကြောင်း သိရပါမည်။ အစ္စလာမ်ဘာသာဝင်ဟု သတင်းထွက်ရခြင်းမှာ ဘာသာရေး၊ လူမျိုးရေး၊ ပဋိပက္ခ ဖန်တီးလို၍ဖြစ်သည်။ ပဋိပက္ခဖန်တီးသူများတွင် အဖွဲ့အစည်းများပါဝင်ကြောင်း သိရပါမည်။ အမှုမှန်ဖော်ထုတ်နိုင်မှသာ အနာဂတ်တွင် လူမျိုးရေးပဋိပက္ခများ မပေါ်ပေါက်ရန် စီမံနိုင်ပါမည်။ ရဲတပ်ဖွဲ့တွင် ရခိုင်ရဲတပ်ဖွဲ့ဝင်များအပြင် ခရစ်ယာန်ရဲတပ်ဖွဲ့ဝင်များ၊ဟိန္ဒူရဲတပ်ဖွဲ့ဝင်များ စသဖြင့် မတူကွဲပြားသူများရှိပါသလား၊ ၎င်းမတူကွဲပြားသူအားလုံးကို စစ်ဆေးရန်လိုအပ်ပါသည်။ ဤအမှုတွင် မတူကွဲပြားသည့် အသံများကို စိတ်ရှည်သည်းခံ၍ နားထောင်ရန် လိုအပ်ပါသည်။ အုပ်စုတစ်ခုတည်း၏ အသံတစ်မျိုးတည်းကိုသာ နားထောင်ရန်မသင့်ပါ။ အုပ်စုဖွဲ့၍ ကျူးလွန်သည်မျိုးကို ဖော်ထုတ်ရန် ပို၍ ပို၍ အရေးကြီးပါသည်။

အကယ်၍ သေဆုံးသူ၏ ခန္ဓာကိုယ်ပေါ်တွင် ဆေးမင်ကြောင်များ၊ ဘာသာရေး ယုံကြည်ချက်များထိုးထားသည်ကို ဖော်ထုတ်နိုင်လျှင် တရားခံက တရားလို၊ တရားလိုက တရားခံ၊ ပြောင်းပြန်ဖြစ်သွားနိုင်ပါသည်။

အမေရိကန် သမ္မတကြီး အီဘရာဟင်(မ်)လင်ကွန်း လိုက်ပါဆောင်ရွက်ခဲ့သည့် လူသတ်မှုကြီးတွင် တရားခံက၊ တရားလိုအဖြစ်ပြောင်းသွားပြီး၊ တရားလိုက တရားခံ အစစ် ဖြစ်ကြောင်း ဝန်ခံခဲ့ရပါသည်။

လကွယ်ညနှင့် လပြည့်ညခွဲခြားပေါ်လွင်အောင် ဖော်ထုတ်ရုံဖြင့် အမှုကြီးတစ်ခုလုံး ပြောင်းပြန်ဖြစ်သွားခဲ့ရပါသည်။

ယခု ဆွဲကြိုးချ သေခဲ့သူ၏ ခန္ဓာကိုယ်ကို စစ်ဆေးဖော်ထုတ်ရုံဖြင့် အမှုကြီးတစ်ခုလုံး ပြောင်းပြန်ဖြစ်သွားနိုင်ပါသည်။

## (၃) သရက်သီးခူးထွက်သူ တရားခံအတု(၂)ဦး

မုဒိန်းမှုဖြင့် အပြစ်ပေးခံရသူ ကျွန်နှစ်ဦးသည် ရွာအပြင်သို့ သရက်သီးခူးထွက်ကြသူများဖြစ်သည်။ မုဒိန်းမှုကျူးလွန်သူများမဟုတ်၊ တွေ့ရာလူကို ဖမ်း၍ တရားခံလုပ်ပါသလား၊ သန်လျင်ပုံးခွဲမှုတွင် တရားခံအတုများ သေဒဏ်ပေးခံရပါသည်။ နောက်မှ တရားခံအစစ်များ ပေါ်ခဲ့ပါသည်။

ယခုအမှုသည် ပြည်ထောင်စုဖွား အစ္စလာမ်ဘာသာဝင်တစ်ရပ်လုံး သိက္ခာချခံရသော အမှုကြီးဖြစ်သည်။ ဘာသာရေးအသွင်ဆောင်သော အရေးအခင်းကြီး(ပဋိပက္ခ)ကြီးဖြစ်ခဲ့သည်။ အပြစ်မရှိသော ပြည်သူအများအပြား (လူ ၁၀၀၀ ကျော်)သေခဲ့ရသည်။ အိမ်ခြေ (၁၀၀၀၀) နီးပါးပျက်စီးခဲ့ရသည်။ဘာသာရေးအဆောက်အဦများ မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ အမွေဆိုးအဖြစ် လူမျိုးရေးမုန်းတီးမှု၊ ဘာသာရေးမုန်းတီးမှု ကျန်ရစ်ခဲ့ပါသည်။ ထို့ကြောင့် ပြည်ထောင်စုဖွား အစ္စလာမ်ဘာသာဝင်များအနေဖြင့် ဤအမှုစစ်ဆေးပုံကို သဘောမကျနိုင်ပါ။ တစ်ပတ်အတွင်း အကျဉ်းချုပ် စစ်ဆေး၍ အမိန့်ချခဲ့ပါသည်။

အလွန်ကြီးမားသော၊ ပြည်သူအများ ဒုက္ခရောက်ခဲ့သော၊ သေခဲ့ရသောပြစ်မှုကြီးကို ရဲအလိုကျ အပြစ်မပေးထိုက်ပါ။ အမှုမှန် ပေါ်ပေါက်စေရန်၊ တရားခံအစစ်များ ဖော်ထုတ်နိုင်ရန်၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရပါမည်။ လွယ်လွယ်နှင့်ဖျောက်ဖျက်မခံနိုင်ပါ။ ပြည်သူတစ်ရပ်လုံးမှ အမှုမှန်ကို သိလိုကြပါသည်။ သမိုင်းစာမျက်နှာတွင်လည်း ကြီးကြီးမားမား၊ အမည်းစက် စွန်းထင်ပြီး ဖြစ်သည်။ အနာဂတ်တွင်လည်း တစ္ဆေခြောက်ခံရနိုင်သည်။

ထို့ကြောင့် ပေါ့ပေါ့ဆဆ သဘောမထားနိုင်ပါ။ အနာဂတ် ပဋိပက္ခများ မပေါ်စေရန် အလေးအနက်ထား၍ ဆောင်ရွက်ရပါမည်။ အနာဂတ်တွင် ပဋိပက္ခ ထပ်မံ မပေါ်ပေါက်စေရန်၊ ဆောင်ရွက်ရမည့်ကိစ္စ များစွာ ရှိပါသည်။ သို့သော် ဤအမှုကို ဤအတိုင်း အလေးအနက် မထားဘဲ ချန်လှပ်ခဲ့လျှင် ထိရောက်မှု အလွန်နည်းပါလိမ့်မည်။

ထို့ကြောင့် စုံစမ်းစစ်ဆေးရေးကော်မရှင်မှ ဤရာဇဝတ်မှုကြီးကို ပြီးခဲ့ပြီဟု သဘော မထားသင့်ပါ။ မိမိတို့၏ စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်အားလုံး အောင်မြင်မှုရစေရန်၊ ဤရာဇဝတ်မှုကြီး အမှုမှန်ပေါ်ပေါက်ရေးသည် အခရာကျပါသည်။

ထို့ကြောင့် အဆင့်မကျော်ပါနှင့်။ အနာဂတ်တွင် ပဋိပက္ခများ ထပ်မံမပေါ်ပေါက်စေရန် ရည်ရွယ်၍ အကြံပြုရပါသည်။

## (၄) ရခိုင်ပဋိပက္ခကြီးသည် တိုက်ဆိုင်မှုလား / ဖန်တီးမှုလား

ဤပဋိပက္ခကြီးဖြစ်ပွားစဉ်က အင်တာဗျူးများ၊ သတင်းထုတ်ပြန်ချက်များ၊ ကြေညာလွှာများ စသည်ဖြင့် ပုံစံအမျိုးမျိုးဖြင့် လှုံ့ဆော်ခဲ့ကြပါသည်။ ဤသို့ လှုံ့ဆော်ရာတွင်လည်း အမျိုးသားရေး အမြင်ဖြင့်၊ လှုံ့ဆော်ရသည်ဟု ကြွေးကြော်ကြပါသည်။

တရားဥပဒေနှင့်ညီသော အမျိုးသားရေးဝါဒကို ကျွန်တော်များလက်ခံပါသည်။ တရားဥပဒေကို ရှုံးနိမ့်စေသော အမျိုးသားရေးဝါဒကိုမူ လုံးဝ လက်မခံနိုင်ပါ။ အမျိုးသားရေးဝါဒသည် တရားဥပဒေ၏ အထက်တွင် မရှိသင့်ပါ။ မျက်ကန်းမျိုးချစ်များ မရှိသင့်ပါ။

ဟစ်တလာ၊ မူဆိုလိုနီ၊ မီလိုစီဗစ်၊ ရာဒိုဗန်ကရဇစ် စသည်တို့သည် အမျိုးသားရေး ကြွေးကြော်သံဖြင့် ရာဇဝတ်မှုများစွာကို ကျူးလွန်ခဲ့သည့် မျက်ကန်းမျိုးချစ်များဖြစ်သည်။

ထို့ကြောင့် ရခိုင်ပဋိပက္ခတွင် အဖွဲ့အစည်းများကလည်း ကြေညာချက်အမျိုးမျိုး ထုတ်ခဲ့ကြပါသည်။ မီးလောင်နေစဉ် မီးငြိမ်းရမည့်အစား၊ ဓာတ်ဆီလောင်းခဲ့ကြပါသည်။ ထိုသို့ ဓာတ်ဆီလောင်းခဲ့သည့် စာရွက်စာတမ်းများ၊စာစောင်များ၊အင်တာဗျူးများ၊ အထောက်အထား အပြည့်အစုံကို ရနိုင်သမျှ စုံစမ်းစစ်ဆေးရေးကော်မရှင်မှ စုဆောင်းပါရန် အကြံပြုအပ်ပါသည်။ သို့မှသာလျှင် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ငန်းများ ပြည့်စုံ၊ မှန်ကန်စွာ အောင်မြင်မှု အပြည့်အဝရမည်ဟု ယုံကြည်ပါသည်။ ဤစာရွက်စာတမ်းများကို မျက်ကွယ်ပြုမည်ဆိုလျှင် ဆင်ကန်းတောတိုး ခရီးမပေါက်ဖြစ်နိုင်ပါမည်။

ကျွန်တော်များအနေဖြင့် ဤပဋိပက္ခကြီးသည် တိုက်ဆိုင်မှုသက်သက်မဟုတ်ဟု ယူဆပါသည်။

(က) လုံထိန်းတပ်ဖွဲ့ဝင်အချို့နှင့် ဒေသဆိုင်ရာအာဏာပိုင်အချို့

(ခ) ပြန်ကြားရေးဝန်ကြီးဌာနနှင့်

(ဂ) နိုင်ငံရေးပါတီနှစ်ခုတို့က တက်တက်ကြွကြွ ဖန်တီးခဲ့သည်ဟု သုံးသပ်မိပါသည်။

## (၅) (၁၀)လောင်းပြိုင်လူသတ်မှု

ဤလူသတ်မှုကြီးကို အုပ်စုဖွဲ့၍ လူ (၃၀၀)ခန့်ရှိသော အုပ်စုကြီးက ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။ ပြစ်မှုမကျူးလွန်မီ ကြိုတင်၍ လူစုခဲ့ကြသည်။ ပါတီအလံထောင်၍ကြွေးကြော်သံ များဖြင့် လူစုလူဝေးလုပ်ခဲ့ကြပါသည်။ ထိုလူစုလူဝေးနှင့်အတူ ရဲများ၊ ဒေသခံအာဏာပိုင်များ ပါဝင်ခဲ့ပါသည်။ အကယ်၍ နိုင်ငံရေးလုပ်ရန်၊ လူစုလူဝေးလုပ်လျှင် (၃)ယောက်၊(၄)ယောက်၊ စု၍အော်ရုံဖြင့် ရဲများ၊ လုံခြုံရေးတာဝန်ရှိသူများ၊ ချက်ချင်းရောက်၊ ချက်ချင်းဖမ်း၊ ချက်ချင်းမိ၊ ချက်ချင်းအချုပ်ပို့၊ ထိုသို့မမိလျှင်လည်း ညဖက် အိမ်တိုင်ရာရောက်ပင် သွားဖမ်းကြမည်၊ လွတ်လမ်းမရှိ။

ယခုမူ တရားခံ(၁)ယောက်မျှမမိ။ (၁)ယောက်မျှမသိ။ သက်သေလည်းမရှိ။ အမှုလည်း မပေါ်။ အားလုံးဇာတ်တူများ ဖြစ်နေပါသလား။ အုပ်စုကြီးကြီးက ကျူးလွန်သည့် အမှုကြီးဖြစ်နေ ပါသလား။ အာဏာပိုင်များ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်နေပါသလား။ အမှုမှန်ဖော်လိုသူများ၊ သက်သေများအပေါ်တွင် ကြီးမားသောဖိအားများရှိနေပါသလား။ တရားဥပဒေဘက်တော်သား များအတွက် လုံခြုံမှုကင်းမဲ့နေပါသလား။ ယခုဖွဲ့စည်းသည့် စုံစမ်းစစ်ဆေးရေးကော်မရှင်များ၊ တောင်ကုတ်သို့သွား၍ အမှုမှန်ဖော်ထုတ်ရန် လိုအပ်ပါသလား။ အကယ်၍ အမှုမှန်မဖော်နိုင်လျှင် ပဋိပက္ခဖြစ်ရသည့် အကြောင်းရင်း အမှန်လည်း မပေါ်နိုင်ပါ။ ကလိမ်စေ့ငြမ်းဆင် အစီရင် ခံစာမျှလောက်သာ ထွက်နိုင်ပါမည်။ အနာဂတ်ပဋိပက္ခများကို၊ ဟန့်တားရန် အသုံးဝင်မည် မဟုတ်ပါ။

ဤ (၁၀)လောင်းပြိုင်လူသတ်မှု တရားခံများကို ဖော်ထုတ်နိုင်လျှင် တရားခံတစ်ပုံကြီး ထွက်လာပါမည်။ ၄င်းအုပ်စုကြီးက ဤပဋိပက္ခကြီးကို စနစ်တကျ ဒေသအသီးသီးသို့ ပြန့်ပွား အောင် လုပ်ခဲ့ပါသလား။ အဖွဲ့ခွဲများဖွဲ့ကာ ဒေသအသီးသီးသို့ တာဝန်ပေးစေလွှတ်၍ ပဋိပက္ခ များတွင် ဦးဆောင်ခဲ့ပါသလား။ ရန်ကုန်မြို့သို့ပင်လျှင် ပဋိပက္ခဖန်တီးရန် အဖွဲ့ခွဲများစေလွှတ် ခဲ့ပါသလား စသည် စသည်ဖြင့် အရေးကြီးသည့် သက်သေခံချက်များ ဤတောင်ကုတ် လူသတ်မှုတွင် ပေါ်ပေါက်နိုင်ပါသည်။ ရခိုင်ပြည်နယ်တစ်ခုလုံးနီးပါး ကူးဆက်ခဲ့ရသည့် အကြောင်းရင်းများ ဤလူသတ်မှုတွင် ရှိနေပါသည်။ ထို့ကြောင့် ဤပဋိပက္ခကြီးကို ဦးဆောင် ကျူးလွန်ခဲ့သည့် အဖွဲ့အစည်းများက တောင်ကုတ်လူသတ်မှုကြီးကို ဝိုင်းဝန်း၍ ဖုံးကွယ်ကြမည်။ ဖိအားပေးကြမည်။ အင်အားသုံးကာကွယ်ကြမည်။ ထိုသို့ကာကွယ်ရန် အမျိုးသားရေးတာဝန် ဖြစ်သည်ဟု လွဲမှားသည့်အမြင်ဖြင့် သက်စွန့်ကြိုးပမ်း အားထုတ်ကြမည်ဖြစ်သည်။ သို့မှသာ ပဋိပက္ခဖြစ်ရသည့် ဖြစ်စဉ်ကြီးတစ်ခုလုံး၏ အကြောင်းရင်းကို ဖုံးကွယ်နိုင်ပါမည်။

ဤအမှုကြီးကို အမှန်ဖော်ထုတ်နိုင်လျှင် ပဋိပက္ခကြီးတစ်ခုလုံး၏ဖြစ်ရသည့်အကြောင်းရင်းကိုဖော်ထုတ်နိုင်မည်ဖြစ်သည်။ အမှုမှန်ပေါ်ရန်အတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်မှ ဖော်ထုတ်ရန် တာဝန်ရှိသည်ဟု ယုံကြည်ပါသည်။ တောင်ကုတ်လူသတ်မှုအတွက် ယခင်က ကော်မရှင်တစ်ရပ်ရှိခဲ့ပြီးဖြစ်၍ ယခုစုံစမ်းစစ်ဆေးရေးကော်မရှင်မှ ထပ်မံစုံစမ်းစစ်ဆေးရန်မလိုဟု သုံးသပ်လျှင်အမှားကြီးမှားပါလိမ့်မည်။ အနာဂတ်ပဋိပက္ခတားဆီးရေးအတွက်လည်း ကြီးမားသောဆုံးရှုံးမှုကြီးတစ်ရပ်ဟု မှတ်ယူရပါမည်။ အကြမ်းဖက်သမားများကို အားပေးသည့် မှားယွင်းမှုဟု မှတ်ယူရပါမည်။ အကြမ်းဖက်သမားများ ပို၍ အတင့်ရဲလာမည်ကို အထူးစိုးရိမ်ရပါသည်။ ဤကိစ္စကို ဦးဆောင်ခဲ့သည့် နိုင်ငံရေးပါတီကြီးသည်လည်း ဟစ်တလာ၏နာဇီပါတီကဲ့သို့အင်အား အဆမတန်ကြီးမားလာပါမည်။ ယခုပင်လျှင် တောင်ကုတ်NLDချည့်နဲ့သွားပြီဟု သိရပါသည်။ ထိုနာဇီပါတီကြီးသည် ရခိုင်ပြည်နယ်တစ်ခုလုံးတွင် အင်အားအဆမတန်ကြီးထွားနေပြီဖြစ်သည်။ (၂၀၁၀)ရွေးကောက်ပွဲမတိုင်မီ ကာလကထက် များစွာအင်အား တောင့်တင်းလာပြီ ဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ အခြားပါတီများ အင်အားချည့်နဲ့သွားပြီဖြစ်သည်။ ထို့ကြောင့် တောင်ကုတ်လူသတ်မှုကြီးသည် နိုင်ငံရေးအမြတ်ထုတ်ပါတီကြီး၏ အကျိုးနှင့် တိုက်ရိုက်ဆက်နွယ်မှုရှိသည်။ တစ်ချိန်တွင် အင်အားကြီးသော နာဇီပါတီကြီးအဖြစ် အသေအချာတွေ့ရမည်ဖြစ်ပေသည်။

အမှုမှန်ပေါ်ပေါက်ရေးသည် ကာယကံရှင်များအတွက်သာမက တစ်တိုင်းပြည်လုံးအတွက် သေရေး၊ ရှင်ရေးတမျှ အရေးကြီးပါသည်။ စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် အမျိုးသားရေးအမြင်ဖြင့် အမှုမှန်ကိုဖော်ထုတ်ရန် လိုအပ်ပါသည်။ တရားဥပဒေကို ရှုံးနိမ့်အောင် လုပ်ဆောင်နေသည့် နိုင်ငံရေးပါတီရှိနေပါသည်။ သူတို့သည် သူတို့၏ ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒကို တရားဥပဒေ၏ အထက်တွင် နေရာပေးလိုကြပါသည်။ တစ်ချိန်တွင် ၄င်းတို့ပါတီကြီး မဟာပါတီကြီးအဖြစ်ရောက်လာပြီး၊ ထိန်းမရ၊ သိမ်းမရ၊ အခြေအနေရောက်မှ ဆိုလျှင် အချိန်သိပ်နောက်ကျသွားပါလိမ့်မည်။ နာဇီပါတီကြီးလို အခြေနေမျိုးရောက်မှဆိုလျှင် နိုင်ငံအတွက် များစွာနစ်နာသွားနိုင်ပါသည်။ ထို့ကြောင့် တောင်ကုတ် (၁၀)လောင်းပြိုင် လူသတ်မှုကြီးသည် ရိုးရိုးသာမန် လူသတ်မှု မဟုတ်ပါ။ ကျွန်တော်တို့ တစ်နိုင်ငံလုံး၏ အနာဂတ်ကို ခြောက်လှန့်နေသော လူသတ်မှုကြီးဖြစ်ပါသည်။ ပေါ့ပေါ့ဆဆ သဘောမထားစေလိုပါ။ လူကြီးမင်းများ နားလည်သဘောပေါက်မည်ဟုယုံကြည်ပါသည်။နေ့ခင်းကြောင်တောင် လူပုံ အလယ်ကျူးလွန်သည့်(၁၀)လောင်းပြိုင်တရားခံများ မမိ၊ လူကွယ်ရာကျူးလွန်သည့် မုဒိန်းမှု တရားခံ(၃)ဦးချက်ချင်းမိသည်။ ကျွန်တော် ဟာသပြောနေခြင်းမဟုတ်ပါ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အပါအဝင် လုံခြုံရေးတာဝန်ရှိသူများ၏ အဆင့်အတန်းကို ဆိုးဆိုးဝါးဝါးထိခိုက်မှုရှိကြောင်း ထောက်ပြခြင်းဖြစ်ပါသည်။ ဤကိစ္စကို စာရှည်မည်စိုး၍ ဤမျှနှင့်သာ အဆုံးသတ်လိုပါသည်။

# (ခ) ပဋိပက္ခဖြစ်ရသည့် မူလအကြောင်းခံများ

## (၁) ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမမှန်

ပြန်ကြားရေးဝန်ကြီးဌာနသည် မူလကတည်းက သဘောထားမမှန်သည့် အကြောင်းခံများစွာရှိပါသည်။ အချို့ကို တင်ပြလိုပါသည်။

ကျောက်နီမော် မုဒိန်းမှုနှင့် တောင်ကုတ်လူသတ်မှုတို့နှင့်စပ်လျဉ်း၍ သတင်းကြေညာပုံ သဘောထားမမှန်ကြောင်းအားလုံးသိပြီးဖြစ်ပါသည်။ သတင်းစာပြင်ဆင်ချက်များအရလည်း သဘောထားမမှန်ကြောင်းထပ်မံသိရပြန်ပါသည်။ သတင်းစာပြင်ဆင်ချက်တွင် ''ပြည်တွင်းနေ အစ္စလာမ်ဘာသာဝင်များ''ဟု ပြင်ဆင်ရေးသားပါသည်။ အဓိပ္ပာယ်မှာ အစ္စလာမ်ဘာသာဝင်များသည် နိုင်ငံမဲ့များဖြစ်သည်ဟုဆိုလိုရာရောက်ပါသည်။ စော်ကားရာလည်း ရောက်ပါသည်။ အရေးအခင်းဖြစ်ရန် လှုံ့ဆော်ရာလည်း ရောက်ပါသည်။ အင်္ဂလိပ်အစိုးရအုပ်ချုပ်စဉ်အချိန်ကစ၍ အစိုးရအဆက်ဆက်က တရားဝင် ပြန်တမ်းဝင် အမည်များစွာရှိပါလျက် ပြန်တမ်းဝင် အမည်များကို မသုံးစွဲဘဲ သဘောထားမမှန်သည့် အမည်များကို တီထွင် သုံးစွဲခဲ့ပါသည်။

ယခင်အခါများကလည်း အစ္စလာမ်ဘာသာဝင်များသည် အခြားသူများထက်ပို၍ ကန့်သတ်ခံခဲ့ရပါသည်။ နှိမ့်ချဆက်ဆံခံရပါသည်။ ထိုသို့ သဘောထားမမှန်သည့် အချက်အလက်များသည်ပဋိပက္ခများကို ဖြစ်ပွားစေသည့် မူလအကြောင်းခံများဟု မှတ်ယူရပါမည်။ အစ္စလာမ်ဘာသာဝင်များအနေဖြင့် အမှန်အတိုင်း တင်ပြခွင့်၊ ဖော်ပြခွင့်၊ ရေးသားခွင့်များကို မရရှိသဖြင့် အစ္စလာမ်ဘာသာဝင်များ၏ ခံစားချက်အသံများ၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လုံးဝ နားမလည်နိုင်ပါ။ အစ္စလာမ်ဘာသာဝင်များ၏ စာအုပ်စာတမ်းများလည်း မရှိသလောက် ရှားပါးပါသည်။ မြန်မာမင်းများ၊ ရခိုင်မင်းများလက်ထက်က စာအုပ်စာတမ်းများကို ပြန်လည်၍ ဖော်ပြရန် အလွန်ခက်ခဲပါသည်။ မြန်မာဘာသာပြန် ကျမ်းစာများလည်း ရှားပါးပါသည်။ ဤသို့ဖြင့် အစ္စလာမ်ဘာသာဝင်များနှင့် အခြား ပြည်သူများ နားလည်မှု လွဲမှားနိုင်ပါသည်။

အစ္စလာမ်ဘာသာဝင်များ၏ စာအုပ်စာတမ်းများကို ပြည်ထောင်စုသားအားလုံး ဖတ်ရှုသိရှိနိုင်ရန်၊ နားလည်မှုရရှိနိုင်ရန်၊ ရေးသား ထုတ်ဝေလိုကြသူများရှိပါသည်။ သို့မှသာ ပြည်ထောင်စုသားအားလုံး တစ်ဦးကိုတစ်ဦးနားလည်နိုင်ကြပေမည်။

ယခုတွင် ပြန်ကြားရေးဝန်ကြီးဌာနကိုယ်တိုင် အစ္စလာမ်ဘာသာဝင်များနှင့်စပ်လျဉ်း၍ နားလည်မှု ခေါင်းပါးကြောင်းကို တွေ့ရပါသည်။ သဘောထား မမှန်ကြောင်းကိုလည်း သုံးသပ်၍ ရပါသည်။

ဤပဋိပက္ခများမဖြစ်မီကတည်းက တည်ရှိနေသော စွပ်စွဲချက်များကို အစ္စလာမ်ဘာသာဝင်များက ကြိုတင်၍အဖြေများပေးနိုင်ပါလျက်နှင့် ပေးခွင့်မရခဲ့ကြပါ။ အကယ်၍သာ ထိုစွပ်စွဲချက်များ၏ အဖြေကို အချိန်မီပေးခွင့်ရနိုင်ခဲ့လျှင် ယခုပဋိပက္ခကြီးကို ရှောင်နိုင်ကောင်း ရှောင်နိုင်ခဲ့မည်ဖြစ်သည်။

အစ္စလာမ်ဘာသာဝင်များသည် ရခိုင်ပြည်နယ်အပါအဝင် ပြည်သူအားလုံး အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရန်၊ အစ္စလာမ်ဘာသာဝင်များအပေါ် နားလည်မှုများရှိရန်၊ စာနယ်ဇင်းများတွင် ဆောင်းပါးများ၊ သတင်းများ၊ စာအုပ်စာတမ်းများ ရေးသားလိုကြပါသည်။ သို့သော် ရေးသားခွင့် မရှိပါ။

ပြန်ကြားရေးဝန်ကြီးဌာန၏ လွဲမှားသောသဘောထားအမြင်ဖြင့်၊ ဒေါက်ထောက် ကြည့်ခြင်းကိုသာခံရပါသည်။ နိုင်ငံခြားသားများ/နိုင်ငံမဲ့များအဖြစ်သာလျှင် ဆက်ဆံခံရပါသည်။ ပြစ်မှုကျူးလွန်အံ့စဲစဲသော ပုဂ္ဂိုလ်များအဖြစ်သာ ဆက်ဆံခံရသည်ကများပါသည်။ ထို့ကြောင့် အစ္စလာမ်ဘာသာဝင်များအပေါ် ပြန်ကြားရေးဝန်ကြီးဌာနမှ အမြင်ကြည်လင်ရန်လိုပါသည်။ သို့မှသာ ပြည်သူများသည်လည်း အမြင်ကြည်လင်လာနိုင်ပါသည်။ သွေးထိုးလှုံ့ဆော်မှုများ အထိုက်အလျောက် လျော့နည်းသွားနိုင်ပါသည်။

ထို့ကြောင့် ပဋိပက္ခဖြစ်ရသည့်အကြောင်းရင်းများတွင် မူလအကြောင်းရင်းခံအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားအမြင်ကို ထည့်သွင်း စဉ်းစားရန်လိုအပ်ကြောင်း အကြံပြုပါသည်။

## (၂) သမိုင်းဖျောက်ဖျက်ခြင်း

ရိုဟင်ဂျာများသည် ခိုးဝင်လာသူများ၊ တရားမဝင် ဝင်ရောက်လာသူများ၊ အင်္ဂလိပ်တို့က လယ်ယာလုပ်ငန်း လုပ်ကိုင်ရန် ခေါ်လာသူများဖြစ်သည်ဟူ၍ လည်းကောင်း၊ တစ်ဘက်နိုင်ငံတွင် လူဦးရေများနေသည်ဟူ၍ လည်းကောင်း၊ အကြောင်းပြကာ ဝါဒဖြန့်ချိမှု အမျိုးမျိုး၊ သွေးထိုး လှုံ့ဆော်မှုအမျိုးမျိုး ပြုလုပ်ကြပါသည်။

နိုင်ငံရေးပါတီ(၂)ခုက စာစောင်များ၊ အင်တာဗျူးများ၊ ထုတ်ပြန်ကြေညာချက်များ၊ အမျိုးမျိုးထုတ်ပြန်ကြပါသည်။ သမိုင်းလိမ်များကို အသုံးပြုကြပါသည်။ ရခိုင်မင်းအချို့တွင် အစ္စလာမ်ဘာသာဝင်အမည်များရှိခြင်းကိုလည်း ဖုံးကွယ်ကြပါသည်။ ဒင်္ဂါးများပေါ်တွင် ရိုဟင်ဂျာစာများရှိနေခြင်းကိုလည်း ဖုံးကွယ်ပါသည်။ အခြား ထင်ရှားသည့် သမိုင်းအထောက် အထားများကိုလည်း လိမ်ညာဖော်ပြကြပါသည်။

ထိုသို့ လိမ်ညာဖော်ပြနိုင်ရန်အတွက် ပဋိပက္ခဖြစ်သည့်အခါတိုင်း သမိုင်းဝင် ရိုဟင်ဂျာ ဝတ်ကျောင်းတော်များ၊ စာသင်ကျောင်းများ၊ ဒါရ်ဂါများ၊ အခြားထင်ရှားသည့် အဆောက် အဦများကို ဖျက်ဆီး ဖျောက်ဖျက်ကြပါသည်။ အစိုးရအဆက်ဆက်ကလည်း ဝတ်ကျောင်း တော်များ၊ စာသင်ကျောင်းများ၊ သမိုင်းဝင်သင်္ချိုင်းများနှင့် အခြား အဆောက်အဦများကို ဖျက်ဆီးတတ်ကြပါသည်။ ထို့ကြောင့် သမိုင်းလိမ်ရေးသားလိုသူများအတွက်လည်းကောင်း၊ ရိုဟင်ဂျာသမိုင်းကို ဖျောက်လိုသူများအတွက် လည်းကောင်း၊ များစွာ အထောက်အကူပြုရာ ကြပါသည်။

ယခုအခါ ရခိုင်သမိုင်းကို ဆွေးနွေးကြသည့်အခါ၊ ဓားထမ်း၍ ဆွေးနွေးကြရမည့် အခြေအနေသို့ရောက်နေပါသည်။ ပဋိပက္ခကိုသာဦးတည်နေပါသည်။အနာဂတ်တွင် ပဋိပက္ခ မဖြစ်ပေါ်စေရန် အထူးလိုအပ်ပါသည်။ နိုင်ငံတကာသမိုင်းဝင် သုတေသီများကရေးသားသည့် သမိုင်းများကိုသာ ဘက်မလိုက်သမိုင်းများ အဖြစ် ရှာဖွေ စုဆောင်း၍ သုံးသပ်ရန်လိုအပ်ပါသည်။

ရခိုင်မင်းများသည် စစ်တကောင်းမြို့မှ၊ မော်လမြိုင်၊ ထားဝယ်အထိ အုပ်ချုပ်ခဲ့သည်ဟု သိရပါသည်။ ထိုကဲ့သို့ ကြီးမားကျယ်ဝန်းလှသော နိုင်ငံတော်ကြီးကို လူမျိုးတစ်မျိုးတည်း၏ အင်အားဖြင့် တည်ထောင်ခဲ့ခြင်းကား မဟုတ်ပေ။ ရိုဟင်ဂျာများအပါအဝင် နိုင်ငံသားလူမျိုး ပေါင်းစုံက စည်းစည်းလုံးလုံး ပါဝင်ထမ်းဆောင်ခဲ့ကြကြောင်း တွေ့ရပါသည်။

ဘုရင်မင်းမြတ်များကလည်း ကျောသားရင်သား မခွဲခြားဘဲ အုပ်ချုပ်ခဲ့သည့်အပြင် ဘုရင်မင်းမြတ်တို့၏ အမည်များတွင် ရှိဟင်ဂျာအမည်များ၊ ဒင်္ဂါးများတွင်လည်း ရှိဟင်ဂျာ စာသားများကို အတိအလင်း ဖော်ပြ စည်းရုံးခဲ့ကြောင်း အထင်အရှားပင် တွေ့ရပါသည်။ ယခုအချိန်တွင် စည်းလုံးမှုပျက်ပြားကာ တစ်ဘက်တစ်မျိုးလိုရာ အဓိပ္ပာယ်ဖွင့်ဆိုနေကြပါသည်။ အငြင်းအခုန် ပြင်းထန်နေကြပါသည်။

ရခိုင်မင်းများ၏ အထက်ပါ စေတနာမှာ ယခုအခါ ဝေဒနာဖြစ်နေပါသည်။ ကြားလူများ ဝင်ကူပါမှ ငြိမ်းချမ်းပါတော့မည်။

အနာဂတ်တွင် ပဋိပက္ခမဖြစ်စေရေး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးအတွက် ဆောင်ရွက်ရပါမည်။ ကိုယ်လိုရာ ဆွဲရေးသည့် သမိုင်းလိမ်များ၊ ဘက်လိုက်သမိုင်းများကို ရှောင်ရပါမည်။ ကျန်ရှိနေသေးသည့် သမိုင်းဝင် အဆောက်အဦများအပါအဝင်၊ သမိုင်း အထောက်အထားများကို နိုင်ငံတော်မှ တာဝန်ယူ ထိန်းသိမ်းရန် လိုအပ်ပါသည်။ သမိုင်းဝင် အထောက်အထား အနည်းငယ်သာ ကျန်ရှိတော့သည်ဟု ယုံကြည်ပါသည်။ ထပ်မံဆုံးရှုံး ပျောက်ပျက်မည်ကို အလွန်စိုးရိမ်နေရပါသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ ထုတ်ဝေခဲ့သည့် အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း စာအုပ်သည် ဘက်မလိုက် ကြားနေစာအုပ်အဖြစ် မှတ်ယူပါသည်။ ထိုစာအုပ်အရ မိုဟာမက်ရှား အမည်ပါ ရခိုင်ဘုရင်ကိုတွေ့ရပါသည်။ မိုဟာမက်ဟူသည့် အမည်သည် ကမ္ဘာက သိသည့် ကမ္ဘာကျော်အမည်ဖြစ်သည်။ ဒင်္ဂါးများပေါ်တွင်လည်း ''အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြား ကိုးကွယ်ခံထိုက်သူမရှိ၊ မိုဟာမက်သခင်သည် အလ္လာဟ်၏ တမန်တော်ဖြစ်သည်''ဟု ဖော်ပြ ထားကြောင်းသိရပါသည်။

အလားတူ အင်္ဂလန်နိုင်ငံရှိ ပြတိုက်များတွင်လည်း ရခိုင်ပြည်၏ သမိုင်းဝင် အထောက် အထား များစွာရှိကြောင်း တွေ့ရပါသည်။ ထို့ကြောင့် နိုင်ငံတကာအပါအဝင် ကျန်ရှိနေသည့် သမိုင်းအထောက်အထားအကြွင်းအကျန်များ၊ ရှေးဟောင်းစာအုပ်များ စုဆောင်း၍ ထိန်းသိမ်းရန် လိုအပ်ပါသည်။ သို့မှသာ ပဋိပက္ခဖြစ်ရသည့် မူလအကြောင်းခံများကို ဖယ်ရှားနိုင်မည်ဖြစ်သည်။

## (၃) မမှန်သတင်းဖြန့်ခြင်း၊ ပုံကြီးချဲ့ခြင်း

ပဋိပက္ခဖြစ်ရသည့်မူလအကြောင်းခံများတွင်၊ မမှန်သတင်းဖြန့်ခြင်း၊ပုံကြီးချဲ့ခြင်းများလည်း ပါဝင်ပါသည်။ ဒီမိုကရက်တစ်မြန်မာ့အသံDVBနှင့် စာစောင်အချို့က ရခိုင်အမျိုးသားများ တင်ပြသည့် သတင်းကိုသာ အဓိကဖော်ပြကြပါသည်။ပုံကြီးချဲ့ကြပါသည်။လှုံ့ဆော်ကြပါသည်။ ရိုဟင်ဂျာများဘက်မှ မဖော်ပြကြပါ။ ထိမ်ချန်ကြပါသည်။ ဖြေရှင်းခွင့်လည်း မရကြပါ။ ရိုဟင်ဂျာဒုက္ခသည်များ၏ အခြေအနေကို မသိကြရပါ။ သွားရောက်ကူညီလိုသူများလည်း သွားရောက်ခွင့် မရှိပါ။

ထိုသို့တစ်ဖက်သတ်ဖော်ပြခြင်းသည် ပဋိပက္ခ ကြီးထွားပျံ့နှံ့စေရန် လှုံ့ဆော်သည့် သဘော သက်ရောက်ပါသည်။ တည်ငြိမ်အေးချမ်းမှု ပျက်ပြားရပါသည်။

ကမန်အမျိုးသားများ သတ်ဖြတ်ခံရပါသည်။ အိမ်များ မီးရှို့ခံရပါသည်။ သို့သော် ကမန်အမျိုးသားများ၏ သတင်း လုံးဝမကြားရပါ။ ရန်ကုန်မြို့ရှိ ကမန်အမျိုးသားများသည် အကြီးအကျယ် ငိုကြွေး ပူဆွေးနေကြပါသည်။ အားလုံး မျိုးပြုတ် သေကုန်ကြပြီလား။

အကူညီပေးသည့် အဖွဲ့အစည်းများသည်လည်း ၎င်းတို့ထံ သွားရောက်နိုင်ခြင်း မရှိ။ အကူအညီများလည်း မှျမျှတတရရှိပုံ မရ။ လူနည်းစုများ၏ အသံပျောက်နေပါသည်။ လူနည်းစု များကို ကာကွယ်ရန် အထူး အရေးကြီးပါသည်။ လူနည်းစုများ မျိုးပြုတ်မသွားအောင် ကာကွယ် ရပါမည်။ ကောင်းမွန်သည့် အစီအစဉ်များရှိရပါမည်။ သတင်းဌာနများက ၎င်းတို့ကို မေ့နေပုံ ရသည်။ အကြီးအကျယ် ဘက်လိုက်မှုများရှိသည်။ ဖုံးကွယ်ခြင်း၊ လိမ်လည်ခြင်း၊ ထိမ်ချန်ခြင်း သည် အစဉ်အလာဆိုး ဖြစ်သည့်အပြင် လူနည်းစုများကို ပို၍ထိခိုက်စေပါသည်။

အနာဂတ်တွင် ထိုသို့ မဖြစ်စေရန် အစဉ်အလာဆိုးများကို ဖယ်ရှားရပါမည်။

ဤအကြောင်းအချက်များသည် ပဋိပက္ခဖြစ်ရသည့် မူလအကြောင်းခံလည်း ဖြစ်သည်။

## (၄) နယ်များတွင် အသုဘာချရန်လူငယ်များမရှိ

မြန်မာနိုင်ငံအနှံ့ နယ်များတွင် အသုဘာချရန် လူငယ်များမရှိ။ ဘယ်လူမျိုး သေသေ၊ ဘယ်ဘာသာ သေသေ အသုဘာချရန် လူငယ်များမရှိ။ အားလုံး နိုင်ငံခြားသွား၍ အလုပ်လုပ် နေကြသည်ဟုဆိုသည်။ ဒီအသံကျယ်ကျယ်ပြန့်ပြန့် ကြားနေရပါသည်။ သို့သော် ရခိုင်ဒေသ တွင် ထိုသို့မဟုတ်။ ရခိုင်လူငယ်များ နိုင်ငံခြားသွားရောက် အလုပ်လုပ်ကြသည်။ ရိုဟင်ဂျာ လူငယ်များ နိုင်ငံခြားထွက်၍ အလုပ်လုပ်ခွင့် မရှိ။ နိုင်ငံခြားထွက်ခွင့် မရှိ။ရွာပုန်းများအဖြစ် နေကြရပါသည်။ အခြားရွာများသို့လည်း သွားခွင့် မရှိ။ မြို့တက်ခွင့်လည်း မရှိ။ အကန့်သတ် ဖြင့်သာနေကြရပါသည်။ မိန်းမယူ၊ကလေးမွေး အလုပ်မှ လွဲ၍ အခြား အလုပ်မရှိပါ။ ထို့ကြောင့် လူဦးရေတိုးနှုန်းလည်း များလာရပါသည်။ ရိုဟင်ဂျာလူမျိုးများနှင့် ကမန်လူမျိုးများက မိမိ မွေးဇာတိကို အခြားလူမျိုးများထက်ပို၍ ပို၍ ချစ်နေရပါသည်။ ဇာတိချက်ကြွေမွေးရပ်မြေသည် သူတို့၏ သင်္ချိုင်းမြေလည်းဖြစ်သည်။ ဘယ်မှ ပြောင်းမရ၊ ရွှေ့မရ။ ဤသည်ကား လက်တွေ့ ဖြစ်ရပ်မှန်၊ သရုပ်မှန်သာ ဖြစ်သည်။

ထို့ကြောင့် ခိုးဝင်လာသူများ တရားမဝင် ဝင်ရောက်လာသူများဟု မတရားစွပ်စွဲလာ သည့်အခါ အသည်းနှင့်အောင်ပင် ခံစားကြရပါသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် အကျဉ်းထောင်အတွင်း မည်သူတစ်ဦး တစ်ယောက်မျှ ဝင်ရောက်လာရန် အကြောင်းမရှိ။ ယုတ္တိမတန်။ ရိုဟင်ဂျာများ၏ ရွာများတွင် ဝင်လမ်းလည်း မရှိ။ ထွက်လမ်းသည်လည်း မရှိ။ ပြည်တွင်း ပြည်ပ ဧည့်သည်များလည်းမလာ။ နိုင်ငံတကာ သံတမန်များလည်း မရောက်။ ပြည်တွင်းပြည်ပ သတင်းဌာနများလည်း မရောက်။ ကယ်မည့်သူ ကူမည့်သူလည်း မရောက်ပါ။ ရိုဟင်ဂျာများအားလုံး ထားရာနေ စေရာသွား အဆင့်သာရှိပါသည်။

ရိုဟင်ဂျာများနှင့် ကမန်လူမျိုးများသည် နိုင်ငံသား မှတ်ပုံတင်များလည်း မရရှိကြပါ။ အစိုးရအလုပ်အကိုင်များလည်း မရကြပါ။ အခြားလူမျိုးများ နည်းတူ တန်းတူဆက်ဆံခြင်း များလည်း မခံရပါ။ အမျိုးမျိုးသော ခွဲခြားဆက်ဆံမှုများကိုသာ ခံရပါသည်။ ဖိနှိပ်မှုအမျိုးမျိုး၊ ပိတ်ဆို့မှုအမျိုးမျိုးခံရသဖြင့် အစွန်းရောက် အခြားလူမျိုးများက အားရကြပါသည်။ ၄င်းတို့ကပါ လူမျိုးရေး၊ ဘာသာရေး ခွဲခြားဆက်ဆံမှုများပြုလုပ်ပြီး ပဋိပက္ခအမျိုးမျိုး ဖန်တီးလိုကြပါသည်။ ရန်စမှုအမျိုးမျိုးကြုံကြရပါသည်။နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့များကလည်း ဤအချက်များကို ထောက်ပြကြပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများကလည်း ထောက်ပြကြပါသည်။

ခံရသူများကလည်း နှစ်ရှည်လများ ခံနေရသဖြင့် ဘာသာရေးအရ ခွဲခြားဖိနှိပ်ချုပ်ချယ်သည်ဟု မှတ်ယူကြပါသည်။ အမေရိကန်အစိုးရကလည်း ဘာသာရေးအရ ခွဲခြားဖိနှိပ်ချုပ်ချယ်မှု ရှိကြောင်း နှစ်စဉ်ကြေညာချက် ထုတ်ပြန်ပါသည်။ ကမ္ဘာ့နိုင်ငံအစိုးရများ၊ နိုင်ငံရေးပါတီများ ကလည်း ဤအတိုင်း ယုံကြည်ကြပါသည်။ ဤသတင်းဆိုးကျော်ကြားမှုကြီးကို အချိန်မီ ဖယ်ရှားရန် လိုပါသည်။ သို့မဟုတ်ပါက ပဋိပက္ခဖြစ်ပေါ်ရန် လှုံ့ဆော်ဘိသကဲ့သို့ ဖြစ်နေပါမည်။ ဤအချက်သည် ပဋိပက္ခဖြစ်ပွားရသည့် မူလ အကြောင်းရင်းခံတစ်ချက်လည်း ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၏ ဥပဓိရုပ်ကို ဆိုးရွားစွာ ပျက်စီးစေပါသည်။

ထို့ကြောင့် အခြားနယ်များတွင် အသုဘချရန် လူငယ်များမရှိသည့်အချိန်တွင် ရိုဟင်ဂျာနှင့် ကမန်လူငယ်များကို ဒေသတွင်း အသုဘချရန် လှောင်ပိတ်ထားသကဲ့သို့ ဖြစ်နေပါသည်။ လူဦးရေတိုးပွားနေသည်ဟု မလှုံ့ဆော်သင့်ပါ။ တစ်ဘက်နိုင်ငံမှ ခိုးဝင်လာသည်ဟု မစွပ်စွဲသင့်ပါ။ ယမ်းပုံမီးကျဖြစ်အောင် မလှုံ့ဆော်သင့်ပါ။

ကျွန်တော်များအနေဖြင့် အနာဂတ်တွင် မတူကွဲပြားခြားနားသူအားလုံး ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေနိုင်မည့်အခြေနေမျိုးကိုသာ လိုလားပါသည်။ ထိုအခြေနေမျိုးကို ထိခိုက်ပျက်စီးစေမည့် လှုံ့ဆော်မှုမျိုးစုံကိုဖယ်ရှားရန် မေတ္တာရပ်ခံလိုပါသည်။ ပဋိပက္ခတွင် ပါဝင်သူ အသီးသီးကလည်း ရှောင်ရှားရန်လိုပါသည်။ အစိုးရကလည်း တရားဥပဒေနှင့်အညီ တားဆီးသင့်ပါသည်။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ဤအချက်ကို ပဋိပက္ခဖြစ်စေသည့် မူလ အကြောင်းခံ တစ်ရပ်အဖြစ် မှတ်ယူသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

## (၅) အမိန့်မရလျှင် ရေတောင် မသောက်ရ

ရိုဟင်ဂျာလူမျိုးများ၊ ကမန်လူမျိုးများသည် အမိန့်မရလျှင် လက်မထပ်ကြရ။ အမိန့်မရလျှင် ကလေး မမွေးရ။ အမိန့်မရလျှင် ခရီးမထွက်ရ။ အမိန့်မရလျှင် ဆေးရုံမတက်ရ။ အမိန့်မရလျှင် ဘုရားဝတ်မပြုရ။ အမိန့်မရလျှင် စာမသင်ရ။ စာသင်ကျောင်းမဖွင့်ရ။ အမိန့်မရလျှင် အိမ်မဆောက်ရ။ အိမ်ယာမရွှေ့ရ။ အမိန့်မရလျှင် အိမ်ထောင်ကျသားသမီးများ အိမ်ခွဲ မနေရ။ သန်းခေါင်စာရင်း မခွဲရ။ ဝတ်ပြုကျောင်း မဆောက်ရ စသည် စသည်ဖြင့် ကန့်သတ်မှု၊ ဖိနှိပ်ချုပ်ချယ်မှု အမျိုးမျိုးခံကြရပါသည်။ ယုတ်စွအဆုံး အမိန့်မရလျှင် ရေတောင်မသောက်ရဟု ဆိုရပါမည်။

ရိုဟင်ဂျာများအားလုံး အကြောက်တရားအောက်တွင် ကြီးပြင်းခဲ့ရပါသည်။ ညအိပ်ရာဝင်တိုင်း အိမ်မက်ဆိုးများသာ မက်နေကြရပါသည်။ လူမြင်တိုင်း ကြောက်လန့်၍ ပြေးပုန်းနေကြရပါသည်။ အထူးသဖြင့် ယူနီဖောင်းဝတ်လာသူများကိုမြင်လျှင် တစ်ရွာလုံး ကလေး လူကြီး မကျန် ပြေးပုန်းရပါသည်။ ကြာလျှင် အခြေအနေ အလွန်ဆိုးရွား သွားနိုင်ပါသည်။ သံသယ အကျိုးကို ဆိုးရွားစွာ ခံစားနေကြရပါသည်။

ဤအကြောင်းတရားများသည် ပဋိပက္ခဖြစ်ရသည့် မူလအကြောင်းခံများသာဖြစ်သည်။

အစိုးရဝန်ထမ်းဟောင်းများ၊ ပင်စင်စားများ၏ သားသမီးများပါ အလုပ်မရကြပါ။ အစိုးရ အလုပ်လုံးဝမရ။ ခွဲခြားဆက်ဆံခံကြရပါသည်။ ရိုဟင်ဂျာများ၏ လက်ရှိလက်တွေ့အခြေအနေများကို ပြည်မမှ ပြည်သူများ အခြားပြည်နယ်များမှ ပြည်သူများ မသိရှိကြပါ။ သတင်းဌာနများ၊ စာစောင်များကလည်း ရေးသားတင်ပြခြင်း မရှိကြပါ။ သို့သော် နိုင်ငံတကာသတင်းဌာနများ၊ အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့များက အချို့အခြေအနေများကို သိကြပါသည်။ အလားတူ မြန်မာနိုင်ငံပြည်သူများကလည်း အခြေနေအရပ်ရပ်ကို အမှန်အတိုင်းသိရန် လိုအပ်ပါသည်။ ပွင့်လင်းသော လူ့အဖွဲ့အစည်း ဖြစ်လာရန် လိုအပ်ပါသည်။ ပွင့်လင်းသောလူ့အဖွဲ့အစည်းဖြစ်လာအောင် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရပါမည်။ သို့မှသာ ဝါဒဖြန့်သူများ၊ အစွန်းရောက်သူများ၏ နယ်ပယ် ကျဉ်းမြောင်းသထက်ကျဉ်းမြောင်းသွားပါမည်။

အမျိုးသားရေးကို တရားဥပဒေ၏ အထက်တွင် နေရာမပေးသင့်ပါ။ အချို့က မြန်မာနိုင်ငံ၏ ထူးခြားသည့်အခြေအနေကို နိုင်ငံတကာက ကောင်းကောင်းမသိကြဟု ပြောဆိုကြသည်၊ အထင်သေးကြသည်။ နိုင်ငံတကာက မြန်မာနိုင်ငံအကြောင်းကို ကောင်းကောင်းသိသည်ဟု ကျွန်တော်ယုံကြည်ပါသည်။

ယနေ့ကမ္ဘာကြီးသည် ကျဉ်းမြောင်းလာပါသည်။ သတင်းခေတ်သို့ ရောက်နေပါသည်။ မည်သူ့ကိုမျှ လျှော့မတွက်သင့်ပါ။ ပြည်တွင်းတွင်သာ ဖုံးကွယ်၍ရမည်၊ လိမ်လည်၍ရမည်၊ ကမ္ဘာကြီးကိုတော့ ဘာမျှမသိဟုဆိုပြီး လိမ်၍ မရနိုင်ပါ။

ပွင့်လင်းသော လူ့အဖွဲ့အစည်းကို ထူထောင်နိုင်မှသာလျှင် အနာဂတ်ပဋိပက္ခများကို ရှောင်လွှဲနိုင်မည်ဟု ယုံကြည်ပါသည်။ ပွင့်လင်းသော လူ့အဖွဲ့အစည်း မရှိခြင်းက ပဋိပက္ခဖြစ်ရသည့် မူလအကြောင်းခံတစ်ရပ်ဟု သုံးသပ်လိုပါသည်။

ပွင့်လင်းသော လူ့အဖွဲ့အစည်း မဟုတ်သည့်အတွက် လူမျိုးရေးတစ္ဆေ၊ ဘာသာရေးတစ္ဆေများ၏ ခြိမ်းခြောက်မှုကို ခံနေရသူများစွာရှိသည်။ လှုံ့ဆော်မှုအမျိုးမျိုးလည်းရှိသည်။ ထိုသူများသည် ကိုယ့်မျက်ဝတ်ကို ကိုယ်မမြင် အခြားသူများ၏ မျက်ဝတ်ကိုသာမြင်ကြသည်။ ပွင့်လင်းသောလူ့အဖွဲ့အစည်းထူထောင်နိုင်မှသာလျှင် အနာဂတ်ပဋိပက္ခများကို ရှောင်လွှဲနိုင်မည်။ တရားလမ်းမှန်အပေါ် လျှောက်လှမ်းနိုင်ရန်အတွက် အလင်းရောင်တည်းဟူသော ပွင့်လင်းမှု လိုအပ်ပါသည်။

သို့မှသာ တရားလမ်းမှန်ကိုလည်း သိမြင်ကြရမည်။ ပြည်သူများ လမ်းမမြင်၊ ကမ်းမမြင် သွားနေရသည့်အဖြစ်မှကျွတ်မည်၊ ငြိမ်းချမ်းသာယာသော လူ့အစုအဝေးကိုလည်း တည်ဆောက်နိုင်ပေမည်။

အနာဂတ်ပဋိပက္ခများမပေါ်ရန် ကြိုတင်ကာကွယ်ရာလည်းရောက်ပေမည်။

## (၆) (၁၉၈၂)ခုနှစ် နိုင်ငံသားဥပဒေကိုဖောက်ဖျက်ကျူးလွန်သူ ဘယ်သူလဲ

(၁၉၈၂)ခုနှစ်နိုင်ငံသားဥပဒေသည် မတရားသောဥပဒေဖြစ်သည်။ သို့သော်လည်း ထိုမတရားသောဥပဒေအရ နိုင်ငံသားဖြစ်ခွင့်ရှိသူများ၊ နိုင်ငံသားလက်မှတ်လျှောက်ထားလာသည့်အခါတွင်လည်း ထပ်ဆင့်၍ မတရားဆက်ဆံခံကြရပါသည်။ ပြည်သူအမြောက်အမြား၊ နိုင်ငံသားစိစစ်ရေးကတ်မရကြပါ။ အစ္စလာမ်ဘာသာဝင် အားလုံးနီးနီး၊ နိုင်ငံသားစိစစ်ရေးလက်မှတ်ရရှိရန် အခက်အခဲမျိုးစုံကြုံကြရပါသည်။ အချိန်စွဲခံကြရပါသည်။ ခွဲခြား ဆက်ဆံခံကြရပါသည်။ လဝကအရာရှိကြီးများသည် ကျွန်တော်တို့၏ အရှင်သခင်များဖြစ်ကြပါသည်။ ၄င်းတို့ကို အရှင်သခင်အဖြစ် ဆက်ဆံကြရပါသည်။ သူတို့သနားမှ ကျွန်တော်များ မှတ်ပုံတင်ရနိုင်ပါသည်။ သို့မဟုတ်ပါက (၁၉၉၀)ခု ဘူးသီးတောင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းကဲ့သို့ ထောင်နှစ်ရှည်ကျခံရနိုင်ပြီး မိသားစုတစ်စုလုံး ဘဝပျက်သွားနိုင်ပါသည်။ စိစစ်ရေးကတ်ပြားလျှောက်ထားသူများကို အချိန်မီထုတ်မပေးဘဲ အချိန်ဆွဲထားခြင်းသည် ဥပဒေချိုးဖောက်ခြင်းသာဖြစ်သည်။ ပါးစပ်ပိတ်ထားခြင်းလည်းဖြစ်သည်ဟု သုံးသပ်၍ ရသည်။ ဥပဒေချိုးဖောက်သူ ဘယ်သူလဲ သုံးသပ်၍လည်းရသည်။

ရိုဟင်ဂျာနှင့် ကမန် လူမျိုးများသည်လည်း အမျိုးသားမှတ်ပုံတင်များ မရရှိကြပါ။ သိက္ခာမဲ့သော အဖြူရောင် စက္ကူများသာ ရရှိကြပါသည်။ အဖြူရောင်စက္ကူသည် ခွဲခြား ဆက်ဆံမှု၏ သက်သေခံတစ်ရပ်သာဖြစ်သည်။ ဖိနှိပ်မှု၏ သင်္ကေတလည်းဖြစ်သည်။ ပဋိပက္ခဖြစ်ရန် အကြောင်းခံတစ်ရပ်လည်း ဖြစ်သည်။လှုံ့ဆော်မှုတစ်ရပ်လည်းဖြစ်သည်။ ထို့ကြောင့် အနာဂတ်ပဋိပက္ခကို ရှောင်ရှားရန်အတွက် တရားဥပဒေနှင့်အညီ၊ ရိုဟင်ဂျာနှင့် ကမန်များကို အမြန်ဆုံး (ချက်ချင်း) နိုင်ငံသားစိစစ်ရေးကတ်များကို ထုတ်ပေးရန် လိုအပ်ပါသည်။ နယ်ခြားဒေသဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား အမြန်ဆုံးထုတ်ပေးထားရန် အရေးကြီးပါသည်။ မလိုလားအပ်သည့် သံသယများကို ဖယ်ရှားနိုင်ရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားသည် မရှိမဖြစ်လိုအပ်ပါသည်။ အစိုးရက နိုင်ငံမဲ့များအဖြစ် ပြုမူဆက်ဆံမှုများရှောင်သင့်သည်။ တရားဥပဒေကိုလေးစားသင့်သည်။ ခေါင်ကစ မိုးမလုံ မဖြစ်သင့်ပါ။ ပြည်သူများအကြား သံသယပွားအောင် မလှုံ့ဆော်သင့်ပါ။ အကယ်၍ ဥပဒေနှင့်အညီ မှတ်ပုံတင်ရထိုက်သူများ၊ မရရှိဘဲ အချိန်ဆွဲနေလျှင် ပဋိပက္ခများကို ဖိတ်ခေါ်ရာကျမည်။ ဤအချက်သည် ယခုဖြစ်ပွားခဲ့ရသည့် ပဋိပက္ခ၏ မူလအကြောင်းခံတစ်ရပ်လည်းဖြစ်သည်။

## (၇) ကမ္ဘာကသိသော ကမ္ဘာကျော် နဂါးမင်းစီမံချက်

နဂါးမင်းစီမံချက်သည် ရိုဟင်ဂျာလူမျိုးကို ကမ္ဘာနှင့် မိတ်ဆက်ပေးသည့် စီမံချက်ကြီး ဖြစ်သည်။ ထိုစီမံချက်ကြောင့်ပင် ရိုဟင်ဂျာကို ကမ္ဘာကြီးက ပို၍ ပို၍ သိခဲ့ကြသည်။

နဂါးမင်း စီမံချက်သည် လူဖမ်းပွဲကြီး၊ လူသတ်ပွဲကြီး၊ အစုလိုက် အပြုံလိုက် နှိပ်စက်ပွဲကြီး၊ အစုလိုက် အပြုံလိုက်ပြေးပွဲကြီးအဖြစ် နိုင်ငံတကာစာနယ်ဇင်းများ၊ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ INGO များက နားလည်ထားကြပါသည်။

ဤပြစ်မှုကို ကျူးလွန်ကြသည့် အာဏာရှင်များက ၎င်းတို့၏စေတနာကို နားမလည်ကြ၍ ဤကဲ့သို့ အကျည်းတန်ခဲ့ရသည်ဟု ပြန်ရှင်းကြပါသည်။

နိုင်ငံတကာက မအပါ။ အဖြစ်မှန်ကို နားလည်ကြပါသည်။

ရိုဟင်ဂျာများလည်း နဂါးမင်းစီမံချက်၏ ကျေးဇူးတော်ကြောင့် အမေရိကန်၊အင်္ဂလန်၊ ဂျပန်၊ဩစတေးလျ၊ဆော်ဒီအရေးဗီးယား၊ပါကစ္စတန်၊ထိုင်း၊မလေးရှားအပါအဝင် ဥရောပနိုင်ငံများသို့ပါ ပျံ့နှံ့ရောက်ရှိသွားကြပါသည်။

အချို့ကောင်းစားနေကြပါသည်။ အချို့ပညာရှင်ကြီးများဖြစ်နေကြပါသည်။ ၎င်းတို့သည် မည်သည့် နိုင်ငံသားဖြစ်ကြောင်း၊မည်သည့်ရွာမှာ မွေးဖွားကြီးပြင်းခဲ့ကြောင်း၊ ရွာလူကြီး၊ ရွာမှ ထင်ရှားသူများ၊ ဆရာ ဆရာမများ စသည်တို့ကို သက်သေအထောက်ထားအဖြစ် တင်ပြကြပါသည်။ ရွာနှင့်ရွာပတ်ဝန်းကျင်ရှိ ထင်ရှားသည့်အမှတ်အသားများ၊ ချောင်းများ၊ သစ်ပင်ကြီးများ၊ သချိုင်းများ စသည်စသည်ဖြင့် အချက်အလက်များ ပြည့်ပြည့်စုံစုံတင်ပြနိုင်ကြပါသည်။ အစစ်ဆေးခံနိုင်ကြပါသည်။စကားပြောခွင့်၊တင်ပြခွင့်များကျယ်ကျယ်ပြန့်ပြန့်ရရှိကြပါသည်။ နိုင်ငံတကာအစိုးရများ၊ အဖွဲ့အစည်းများ၊ စာနယ်ဇင်းများတွင် သက်သေခံချက်များပေးနိုင်ခဲ့ကြပါသည်။

## ဟသ်ာစီမံချက်

ဟသ်ာစီမံချက်သည် နဂါးမင်းစီမံချက်အရ မောင်းထုတ်ခံရသူများကို ပြန်လည် လက်ခံသည့်စီမံချက်ကြီးဖြစ်သည်။ နိုင်ငံတော်က စေတနာအပြည့်အဝဖြင့် ပြန်လည်လက်ခံခဲ့သည်ဟု အာဏာရှင်က အသံကောင်းဟစ်ခဲ့သည်။

ရိုဟင်ဂျာများကိုလည်း ဇာတိချက်ကြွေ မွေးရပ်မြေသို့ ပြန်ကြရန် နိုင်ငံတကာမှ ဖိအားပေးခဲ့ကြပါသည်။

အချို့ရိုဟင်ဂျာများက အာဏာရှင်၏ ကြေညာချက်ကို လှည့်စားမှုတစ်ရပ်အဖြစ်သာ မှတ်ယူကြသည်။ ယနေ့တိုင် အိမ်မပြန်ကြသူများရှိပါသည်။

အချို့ရိုဟင်ဂျာများကမူ အာဏာရှင်၏ ကြေညာချက်ကို ယုံကြည်၍ အိမ်ပြန်လာခဲ့ကြပါသည်။ ယခုနှစ်(၄၀)ဝန်းကျင်ရှိခဲ့ပြီဖြစ်သော်လည်း ယနေ့တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်မပေးသေးပါ။ စိစစ်ရေးကိစ္စများလည်း မပြီးသေးပါ။ အချို့ရိုဟင်ဂျာများဆိုလျှင် (၁၂)ကြိမ်၊ (၁၂)ခါစစ်ဆေးခံထားပြီးဖြစ်သည်။ သို့သော် မပြီးသေးပါ။

လူတစ်ဦးတစ်ယောက်ကို တစ်သက်တွင် တစ်ကြိမ်သာ စစ်ဆေးဆုံးဖြတ်သင့်ပါသည်။ မီးသေဆုံးဖြတ်ချက်မျိုးဖြစ်သင့်ပါသည်။ မသေမချင်းအခါခါ ခေါ်ယူစစ်ဆေး ဒုက္ခပေးခြင်းမျိုး ဖြစ်နေပါသည်။ အခါခါစစ်ဆေးခံနေရသည်ကို စုံစမ်းစစ်ဆေးရေးကော်မရှင်မှ သိရန်လိုအပ်ပါသည်။သို့မှသာ ပဋိပက္ခဖြစ်ရသည့်အကြောင်းခံကို အမှန်အတိုင်း ကောက်ချက်ချနိုင်ပါမည်။

ယခုအခါ ရိုဟင်ဂျာများ၊ ကမန်များ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် စပ်လျဉ်းသည့် ဒုက္ခဆင်းရဲမှုများကို အပြီးသတ်စေလိုပါသည်။ နိုင်ငံသားသံသယဆိုသည့် လက်ကိုင်တုတ်ကို အပြီး မြေမြှုပ်သင်္ဂြိုဟ်ရန် အထူးအရေးကြီးပါသည်။ ဒီတုတ်ကြီးဖြင့် ရိုက်နေသည်မှာ နှစ်ပေါင်း (၄၀)ကျော်ခဲ့ပြီ၊ ယခုအချိန်ထိ၊ ဒီတုတ်ကြီးဖြင့် ရမ်းနေသည်မှာ ရှက်ဖွယ်ကောင်းလှပါသည်။ လဝက အာဏာရှိသူအချို့လည်း အလွန်ချမ်းသာနေပြီဖြစ်သည်။ တော်သင့်ပါပြီ။

နိုင်ငံသားသံသယဆိုသည့် စကားရပ်၏ နောက်ကွယ်တွင် စားမကုန် သောက်မကုန် ဖြစ်နေကြပါသလား။ ဤအချက်ကို စုံစမ်းစစ်ဆေးရေးကော်မရှင်မှ အလေးအနက်သိစေလိုပါသည်။ ယခုဖြစ်ရသည့် ပဋိပက္ခ၏ အကြောင်းရင်းခံအနက်မှ တစ်ခုဖြစ်ကြောင်း သုံးသပ်လျှင် ရနိုင်မည်ဟုယုံကြည်ပါသည်။ ဤအချက်ကို အစိုးရကိုယ်တိုင်က ဖြေလျှော့ရန် လိုအပ်သည်ဟု ယုံကြည်ပါသည်။

## (၈) လှေစီးပြီး ပင်လယ်သမုဒ္ဒရာထဲသို့ထွက်ပြေးကြမလား၊ လိုက်ချင်လျှင် ပိုက်ဆံပေး

ရိုဟင်ဂျာများသည် အသက်ရှင်ရပ်တည်နိုင်ရန်အတွက် ပင်လယ်သမုဒ္ဒရာထွက်လမ်းမှ အချို့ထွက်ပြေးကြသည်။ အလွယ်တကူ ထွက်ပြေး၍ မရ။ ပိုက်ဆံတတ်နိုင်သူများသာလျှင် ထွက်ပြေးခွင့်ရသည်။ ရေထဲက အာဏာပိုင်ကို ပိုက်ဆံပေးကြရသည်။ ကုန်းပေါ်က အာဏာပိုင်ကိုလည်း ပိုက်ဆံပေးကြရသည်။ ပိုက်ဆံပေးနိုင်မှ ထွက်ပြေးခွင့်ရသည်။ အလွန်အန္တရာယ်များသော သစ်သားလှေငယ်ဖြင့်ပြေးကြသည်။သက်ကြီးရွယ်အိုများ၊မိန်းမများ၊ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်များလည်းပါသည်။ ရွှေ့ပြောင်းလုပ်သားများအဖြစ် ပြေးခြင်း မဟုတ်။ အလုပ်အကိုင်ရှာဖွေရန်မဟုတ်။ အကယ်၍ အလုပ်အကိုင်ရှာဖွေရန်ဆိုလျှင် လူငယ်များသာပါကြမည်။

ယခုမူ ထိုသို့မဟုတ်၊ ဖိနှိပ်ချုပ်ချယ်မှု အပြီးအပိုင်လွတ်မြောက်ရန် သက်စွန့်ဆံဖျား ထွက်ပြေးခြင်းဖြစ်သည်။ ဘယ်ရောက်ရောက်၊ ဘယ်ပေါက်ပေါက်၊ ထွက်ပြေးခြင်းဖြစ်သည်။

အချို့ ပင်လယ်ထဲတွင် လှေနစ်မြုပ်၍သေဆုံးကြသည်။အချို့သည် အိန္ဒိယကျွန်းများတွင် ကယ်တင်ခံရပါသည်။ အချို့ကို ထိုင်းနိုင်ငံမှ ကယ်တင်သည်။ အချို့ကို အစာရေစာပေး၍ ပင်လယ်ထဲသို့ ပြန်လည်မျှောပေးကြသည်။ အချို့နိုင်ငံများက ဒုက္ခသည်အဖြစ် လက်ခံထားကြပါသည်။ ဤသို့ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ INGOများနှင့် နိုင်ငံတကာအစိုးရများက ကူညီကြသည်များလည်းရှိသည်။

ရခိုင်ပြည်နယ်တွင်း ကျန်ရစ်သူ ရိုဟင်ဂျာများကလည်း တစ်ယောက်မကျန် အလားတူ ပြေးလိုကြပါသည်။ ၎င်းရိုဟင်ဂျာများကို ဖိနှိပ်ချုပ်ချယ်မည့်အစား၊ ထွက်ပြေးခွင့်ပေးသင့်သည်။ ပိုက်ဆံလည်းမတောင်းသင့်ပါ။ ဤသို့ ထွက်ပြေးခွင့်ပေးခြင်းသည် ဖိနှိပ်ချုပ်ချယ်ခြင်းထက် ပို၍ကောင်းပါသည်။သို့မဟုတ်လျှင် အကြမ်းဖက်သမား၊ ဘာသာရေးအစွန်းရောက်သမားများ၏ အသုံးချခံများလည်းဖြစ်သွားနိုင်ပါသည်။ စာမတတ်၊ပေမတတ်ဖြင့် အရိုင်းစိုင်းများလည်း ဖြစ်သွားနိုင်ပါသည်။ နောင်ရေးအတွက် စိုးရိမ်ပူပန်ရသော၊ လူငယ်အုပ်စုကြီးပေါ်ပေါက်လာနိုင်သည်။

ထိုသို့ အနာဂတ်ပျောက်နေသည့် လူငယ်များပေါ်ပေါက်မည့်အစား ၎င်းတို့ကို ပိုက်ဆံမယူဘဲထွက်ပြေးခွင့်ပေးသင့်သည်။ ၎င်းတို့ကလည်း အခြေနေဆိုးရွားလွန်းသည့် မွေးရပ်မြေတွင် နေထိုင်ခြင်းထက် ပင်လယ်ထဲတွင် သေခြင်းက ပို၍ ကောင်းမြတ်သည်။ သို့မဟုတ်ပါက နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဒုက္ခသည်စခန်းများတွင် နေထိုင်ခြင်းက ပို၍ ကောင်းသည်။ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများက ထောက်ပံ့ကျွေးမွေးကြပေမည်။

ရိုဟင်ဂျာများသည် မိမိတို့မွေးရပ်မြေတွင်လုံးဝမနေလိုတော့ပါ။ ထို့ကြောင့် ရိုဟင်ဂျာများ၏ကိစ္စကို အပြီးသတ် ဖြေရှင်းပေးသင့်ပါသည်။ ယခင် ပါလီမန် ဒီမိုကရေစီခေတ်က ရိုဟင်ဂျာကိစ္စကို အပြီးသတ်ဖြေရှင်းပြီးဖြစ်ပေသည်။ အကယ်၍သာ ဦးနေဝင်းက စစ်အာဏာမသိမ်းခဲ့လျှင် ရိုဟင်ဂျာကိစ္စပေါ်ပေါက်ရန်အကြောင်းမရှိ။ စစ်အာဏာသိမ်းခဲ့ခြင်း၏ ဆိုးရွားသောရလဒ်အဖြစ် အမွေရရှိခဲ့ခြင်းဖြစ်သည်။ စစ်အာဏာရှင်များက ကိုယ်မွေးသည့် မီးကို ကိုယ်မငြိမ်းနိုင်ဖြစ်နေပါသည်။ ပြဿနာသည် ယခုအချိန်အထိ ရောက်မလာသင့်ပါ။

ယခုအချိန်သည် ဒီမိုကရေစီစနစ်ဆီသို့ ဦးတည်နေသည့် အလွန်အရေးကြီးသည့်အချိန်အခါလည်းဖြစ်သည်။ ပြဿနာကြီးကလည်း ဆွေးမြေ့နေပြီးဖြစ်သည်။ ပြဿနာအဟောင်းကြီးဖြစ်သည်။ ဤပြဿနာ ထပ်ခါတလဲလဲပေါ်နေခြင်းသည် လုံးဝမဖြစ်သင့်ပါ။ ယခင်ပါလီမန်ဒီမိုကရေစီအစိုးရလက်ထက်က မေယုနယ်ခြားခရိုင်ကို ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်ခဲ့သည်ကို သတိပြုသင့်ပါသည်။

ယခု ရခိုင်ပြည်နယ်အစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန်၊ လက်ရှိဖွဲ့စည်းပုံဖြင့်၊ ဖြစ်နိုင် မဖြစ်နိုင်ကို သုံးသပ်သင့်ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ဖြစ်ခါစအချိန်တွင်ပင်လျှင် ဤမျှကြီးမားသော ပဋိပက္ခများဖြစ်လျှင် အနာဂတ်တွင် ယခုထက် ပို၍ကြီးမားသော ပဋိပက္ခများလည်းဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် ဘက်စုံထောင့်စုံ သုံးသပ်ရာတွင် ဤအချက်ကိုလည်း အလေးအနက် ထည့်သွင်း သုံးသပ်ရန် လိုပါသည်။

ယခုအခါ ရိုဟင်ဂျာများသည် မိမိတို့၏ အမည်ကိုပင်လျှင် မိမိတို့ကိုယ်တိုင်ဆုံးဖြတ်ပြဋ္ဌာန်းခွင့်မရ။ မိမိတို့မကြိုက်နှစ်သက်သည့် အမည်အမျိုးမျိုးဖြင့် ခေါ်ဆိုခြင်းခံနေရပါသည်။ ဤသို့ဆိုလျှင် လေ့စီးပြေးသူများကို အပြစ်ဆို၍ မရ။ ၄င်းတို့ လူစာရင်းတွင်ပင် မဝင်တော့။

နိုင်ငံသားဖြစ်ရေး မဖြစ်ရေးကို အစိုးရက ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိပါသည်။ သို့သော် ရိုဟင်ဂျာများသည် မိမိတို့၏ အမည်ကို မိမိတို့ကိုယ်တိုင် မိမိတို့ စိတ်ကြိုက်ရွေးချယ်ပြဋ္ဌာန်းခွင့်ရှိပါသည်။ စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် ဤအချက်ကို အလေးအနက်ထားသုံးသပ်သင့်ပါသည်။ ဤအငြင်းပွားမှုသည် ရေရှည် မဖြစ်သင့်ပါ။ ဤအငြင်းပွားမှုသည် ယခုပဋိပက္ခဖြစ်ရသည့် အကြောင်းရင်းခံများအနက်မှ တစ်ခုဖြစ်ကြောင်းရှုမြင်ပါသည်။

## (၉) ပြည်တွင်းနေ ခရီးသွားများအား သတ်ဖြတ်ကြ

ယခုအခါ 'နိုင်ငံခြားသား ခရီးသည်များအား ကူညီကြပါ'ဟုကြော်ငြာဆိုင်းဘုတ်များ နေရာအနှံ့တွေ့နေရပါသည်။ ပြည်တွင်းနေခရီးသည်များ တောင်ကုတ်တွင် သတ်ဖြတ်ပြီး တရားခံမဖော်နိုင်သည့် ယခုအချိန်မျိုးတွင် ထိုကြော်ငြာမျိုးဖတ်ရသည့်အခါ တောင်ကုတ်လူသတ်မှုကို သတိရမိပါသည်။ နိုင်ငံခြားသားခရီးသည်များထက် ပြည်တွင်းနေခရီးသည်များက ပို၍အရေးကြီးပါသည်။ ပြည်တွင်းနေခရီးသည်များကို သတ်ဖြတ်ခြင်းသည် ပဋိပက္ခကြီးတစ်ခုအသွင်ဖြင့် ကြီးကြီးမားမားဆိုးကျိုးသက်ရောက်ခဲ့ပြီးဖြစ်သည်။ နိုင်ငံခြားသား ခရီးသည် ဂျပန်အမျိုးသမီး အားသတ်ဖြတ်ခဲ့သည့်အမှု၊ ဘာမှုကြီးကြီးကျယ်ကျယ်ဖြစ်လာသည်ကို မကြားရပါ။ ပြည်တွင်းခရီးသည်များကို ဟိုနေရာဂိတ်ဖွင့်စစ်၊ ဒီနေရာဂိတ်ဖွင့်စစ်၊ စစ်ဆေးမှုအထပ်ထပ်၊ ငွေတောင်းမှုအမျိုးမျိုး၊ ထောက်ခံချက်အမျိုးမျိုးပြရန်ကြုံတွေ့ရပါသည်။ အထူးသဖြင့် အစ္စလာမ်ဘာသာဝင်ခရီးသည်များ အခက်ခဲအမျိုးမျိုးကြုံရပါသည်။ ထိုအခက်အခဲများကို လက်တွေ့ကျကျဖယ်ရှားရန်လိုအပ်ပါသည်။ နဂါးမင်းစီမံချက်အချိန်မှစ၍ ယခု နှစ်ပေါင်း(၄၀)တိုင် ပြည်မမှ အစ္စလာမ်ဘာသာဝင်များ ရခိုင်ဒေသသို့ မသွားရဲကြပါ။ လဝကများကိုကြောက်ရသည်။ အပြန်တွင် ပြန်လမ်းမရှိ။ တစ်ဘက်နိုင်ငံမှ ခိုးဝင်လာသည်ဟု စွပ်စွဲခံရပြီး အဖမ်းခံရပါမည်။ အတင်းအကြပ်ဖြောင့်ချက်၊ဝန်ခံချက်များပေးရမည်ဖြစ်သည်။ ထောင်အတွင်း အရိုးဆွေးသွားမည်ကိုကြောက်ရပါသည်။ ယခုအခါ လဝကထက်ဆိုးသော မျက်ကန်းမျိုးချစ်အစွန်းရောက်များကိုလည်းကြောက်ရပါသည်။ရခိုင်ဒေသသည် အလွန်ဆင်းရဲသောဒေသဖြစ်သည်။ပြည်တွင်းခရီးသွားများအားလုံးခရီးသွားရန် ကြောက်ရွံ့သောဒေသလည်းဖြစ်သည်။ ခရီးသည် အနည်းဆုံးသွားရောက်သည့်ဒေသလည်းဖြစ်သည်။ သို့ဆိုလျှင် ဤဒေသ အဘယ်သို့စီးပွားဖွံ့ဖြိုးပေအံ့။ ပြည်တွင်းခရီးသည်များမသွားဝံ့သောအရပ်သို့ နိုင်ငံခြားသားခရီးသည်များအဘယ်သို့သွားဝံ့အံ့။ နိုင်ငံခြားသားခရီးသည်များကိုကူညီပါဟု မည်သို့ပင်ဆိုစေကာမူ မည်သူမျှ သွားရဲကြမည်မဟုတ်။ အထူးသဖြင့် နိုင်ငံခြားသား အစ္စလာမ်ဘာသာဝင် ခရီးသည်များ သွားဝံ့ကြမည်မဟုတ်။ အစ္စလာမ်ဘာသာဝင်များ၏ ဒုက္ခသည်စခန်းသို့ သွားရောက် ကြည့်ရှု ကူညီလိုသူများကို အစွန်းရောက်များက ယခုတိုင်အုပ်စုဖွဲ့နှောင့်ယှက်နေကြောင်းသိရပါသည်။ထိုအခြေအနေများ အောက်တွင် ခရီးသွားလာလုပ်ရှားခွင့်သည် လုံးဝမဖြစ်နိုင်။ ထို့ကြောင့် အုပ်စုဖွဲ့အကြမ်းဖက်နေသူများကို ချက်ခြင်းအရေးယူဆောင်ရွက်ရန်လိုပါသည်။ တောင်ကုတ်လူသတ်မှုကျူးလွန်သူများ အရေးယူဖမ်းဆီးခြင်းမခံရသေးသည့်အတွက် ထိုအဖွဲ့ကဆက်လက် အကြမ်းဖက်နေသည်ဟု သုံးသပ်မည်ဆိုလျှင်ရနိုင်ပါသည်။တည်ငြိမ်အေးချမ်းသောအခြေနေသို့ရောက်ရှိနိုင်ရန် အကြမ်းဖက်များ၊ အစွန်းရောက်များကို ထိထိရောက်ရောက် အရေးယူနိုင်မှသာလျှင် အနာဂတ်တွင် ပဋိပက္ခများ မဖြစ်အောင်တားဆီးနိုင်မည်ဟု ယုံကြည်ပါသည်။

## (၁၀) ပင်လယ်သမုဒ္ဒရာထဲသို့ထွက်ပေါက်ပေးပါ။

လဝကဝန်ကြီးနှင့် နိုင်ငံခြားသတင်းဌာနတစ်ခု၏ မေးမြန်းခန်းတွင်ရခိုင်ပြည်နယ်မှ အစွလာမ်ဘာသာဝင်များ၊ (ရိုဟင်ဂျာများ)သည် လွန်ခဲ့သည့် နှစ်ပေါင်း(၁၂၀)ခန့်က ရွှေ့ပြောင်းလာသူများဖြစ်သည်။ လဝကမှ လာဘ်စား၍ ခိုးသွင်းလာသည်ဆိုခြင်းမှာ မဟုတ်မမှန်ပါ။ ခိုးသွင်းလာလျှင် အထောက်အထားဖြင့်တိုင်ကြားပါ၊ အရေးယူပါမည်၊ လွန်ခဲ့သည့်နှစ်ပေါင်း (၁၂၀)ကျော်က ရောက်လာသူများဆိုလျှင် အလိုအလျောက် နိုင်ငံသားမဖြစ်ဘူးလားဟူ၍ မေးရာတွင် ဝန်ကြီးက လျှောက်ထားရန်လိုသည်ဟု ဖြေပါသည်။ အနည်းအကျဉ်းလည်း နိုင်ငံသားစိစစ်ရေးလက်မှတ်ပေးထားပြီးဟု ဖြေသည်။ ကျွန်တော်များနားလည်ထားသည်မှာ လျှောက်ထားသူများ ဘယ်လောက်ကြာကြာ စောင့်ရမည်ကို မသိနိုင်ပါ။ ရနိုင် မရနိုင် အဖြေကို ပင်လျှင် ရနိုင်မည်မဟုတ်ပါ။ ယခုအချိန်အထိ အနည်းအကျဉ်းသာထုတ်ပေးထားသည်ဟု ဆိုလျှင် နောက်ထပ်ထုတ်မပေးပါနှင့်ဟုအကြံပေးလိုပါသည်။ ၄င်းတို့အားလုံးကို ပင်လယ်ထဲသို့ မောင်းထုတ်လိုက်သည်က ပို၍ ကောင်းသည်ဟု အကြံပြုလိုပါသည်။ မျိုးချစ်မျက်ကန်းများ ကလည်း လူကြီးမင်းအား သူရဲကောင်းတစ်ယောက်သဖွယ် လက်ခုပ်သြဘာတီး၍ သောင်းသောင်းဖြဖြအားပေးကြပါလိမ့်မည်။ လူထုထောက်ခံကြိုဆိုပွဲများလည်း အင်တိုက်အားတိုက် ပေါ်လာပါလိမ့်မည်။နေ့ချင်းညချင်း အမျိုးသားသူရဲကောင်းကြီးအဖြစ်ရောက်ရှိသွားပါလိမ့်မည်။

အကယ်၍ထိုသို့မောင်းထုတ်ရန်မဖြစ်နိုင်လျှင် (၁၉၈၂)ခုနှစ် နိုင်ငံသားဥပဒေကို ပြင်ပါ။ နိုင်ငံသားဖြစ်ရန် နှစ်ပေါင်း(၂၀၀)မျှ လိုအပ်ကြောင်းပြဌာန်းပါ။ ၎င်းပြဌာန်းချက်သည် နောက်ကြောင်းပြန် အာဏာသက်ရောက်ခွင့်ရှိကြောင်းကိုပါ ပြဌာန်းပါ။ ၄င်းရိုဟင်ဂျာတို့ကို နှစ်ပေါင်း(၁၂၀)အထိ နိုင်ငံသားမပေးဘဲ၊ ရက်စက်စွာဖိနှိပ်ထားမည့်အစား၊ ပြတ်ပြတ်သားသား၊ ဆုံးဖြတ်ရမည့်အချိန်သို့ရောက်ပြီဟုယုံကြည်ပါသည်။ ယခုပဋိပက္ခဖြစ်ရသည့် မူလအကြောင်း ခံများကို စဉ်းစားမည်ဆိုလျှင် ၎င်းအချက်ကို မေ့လျော့ထားရန် မသင့်ပါ။

ပြည်မမှာလည်းနိုင်ငံသား စိစစ်ဆေးရေးကတ်မရရှိသူများစွာရှိသည်ဟုသိရပါသည်။ လျှောက်ထားသူများလည်း ပြန်ကြားချက်တစ်စုံတစ်ရာမရဘဲအချိန်စွဲခံရကြောင်းသိရပါသည်။ ထို့ကြောင့် နိုင်ငံသားဥပဒေဘယ်လောက်ကောင်းကောင်း လုပ်ထုံးလုပ်နည်းလည်းကောင်းရန် လိုအပ်ပါသည်။ဝန်ထမ်းများစေတနာမှန်ရန်လည်း လိုပါသည်။ ကျွန်တော်များအနေဖြင့် ရခိုင် ပြည်နယ် ပဋိပက္ခသည် လဝကလုပ်ထုံးလုပ်နည်းနှင့်လည်းကောင်း၊လဝကဝန်ထမ်းများ၏ စေတနာနှင့်လည်းကောင်း တိုက်ရိုက်ဆက်စပ် ပတ်သက်မှုရှိကြောင်း သုံးသပ်လိုပါသည်။

## (၁၁) ဘယ်ဘက်လက်မောင်းတွင် ကျောက်ရောဂါကာကွယ်ဆေးထိုးထားပါသလား

မြန်မာနိုင်ငံတွင် ကျောက်ရောဂါကာကွယ်ဆေးကို ဘယ်ဘက်လက်မောင်းတွင်သာ ထိုးကြရပြီး ဘင်္ဂလားဒေ့(ရှ်)နိုင်ငံတွင်မူ ညာဘက်လက်မောင်းတွင် ထိုးကြရပါသည်။ လက်မောင်းကို စစ်ဆေးကြည့်ရုံဖြင့် မည်သည့် နိုင်ငံသားဖြစ်သည်ကို အကြမ်းအားဖြင့် ခွဲခြားသိနိုင်ပါသည်။

ရိုဟင်ဂျာများသည် မြန်မာနိုင်ငံသားများဖြစ်ကြောင်း အခြားအထောက်ထားများစွာလည်း တင်ပြနိုင်ကြပါသည်။ ၄င်းတို့ကို ခိုးဝင်ပါသည်ဟု မတော်မတရား စွပ်စွဲသူတို့က ဝါးလုံးရှည်ဖြင့် မရမ်းသင့်ပါ။ မောင်ဖြူ၊ မောင်နီ စသဖြင့် အတိအကျ စွပ်စွဲသင့်ပါသည်။ တရားဥပဒေရှိပြီးဖြစ်၍ တရားဥပဒေနှင့်အညီသာ အရေးယူ သင့်ပါသည်။ စွပ်စွဲခံရသူကိုလည်းဥပဒေနှင့်အညီ ခုခံဖြေရှင်းခွင့် ပေးရပါမည်။ ပွင့်လင်းသော လူ့အဖွဲ့အစည်းဖြစ်ရပါမည်။ INGO နှင့် N G O များကိုလည်း တက်ရောက် နားထောင်ခွင့်ပြုရပါမည်။

ဥပဒေအရ မီးသေဆုံးဖြတ်ပြီးသူများကို နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးရန် လိုအပ်သူများကို နိုင်ငံသားစိစစ်ရေးကတ် ချက်ခြင်းထုတ်ပေးရန် လိုအပ်ပါသည်။ တရားဥပဒေအရ ဆောင်ရွက်ခြင်းမရှိဘဲ၊ ဝါးလုံးရှည်ဖြင့် ရမ်းနေခြင်းမှာ ပဋိပက္ခဖြစ်စေလိုသူများ၏ မမှန်ကန်သည့်စေတနာပါသည်ဟုဆိုချင်ပါသည်။

ကျွန်တော်များအနေဖြင့် ရိုဟင်ဂျာများအား အထပ်ထပ်စစ်ဆေးနေခြင်းကို ရပ်သင့်ပြီဟု မြင်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အမြန်ဆုံး (ချက်ချင်း) ထုတ်ပေးပါရန် မေတ္တာရပ်ခံပါသည်။

## (၁၂) ချင်းပြည်နယ်နှင့် ဘင်္ဂလားဒေ့(ရှ်)နယ်စပ်ရှိ ချင်းပြည်သူများ နိုင်ငံခြားသို့ ဘယ်အပေါက်မှ ထွက်ပြေးကြသလဲ

ချင်းများသည် ဘင်္ဂလားဒေ့(ရှ်)နိုင်ငံ၏ တိုင်းရင်းသားလူမျိုးတစ်မျိုးတွင် ပါဝင်သည်။ အချို့ ချင်းလူမျိုးများလည်း၊ ရိုဟင်ဂျာများနည်းတူ ဖိနှိပ်ခံကြရပါသည်။ ဘာသာရေးအရလည်း ဖိနှိပ်ခံကြရသည်ဟု ယုံကြည်သူများရှိသည်။ အချို့မြန်မာတိုင်းရင်းသား ချင်းပြည်သူများ ပြည်ပသို့ ထွက်ပြေးလိုကြပါသည်။ ထိုသို့ ထွက်ပြေးရာတွင် ဘင်္ဂလားဒေ့(ရှ်)နိုင်ငံကိုဖြတ်၍ ပြည်ပသို့ ထွက်ပြေးကြပါသည်။

ဘင်္ဂလားဒေ့(ရှ်)နိုင်ငံသို့ရောက်လျှင် လွတ်လပ်သည့် ကမ္ဘာကြီးထဲရောက်သွားသည်နှင့် တူသည်။ ဘယ်နိုင်ငံသို့မဆို အလွယ်တကူသွားနိုင်သည်။ ဟုတ်မဟုတ် ပြည်ပရောက် ချင်းများကို ပွင့်လင်းသောလူ့အဖွဲ့အစည်းထူထောင်သူများအနေဖြင့် မေးမြန်းလေ့လာပါ။

ပိုက်ဆံတတ်နိုင်သော ရိုဟင်ဂျာများသည်လည်း ဘင်္ဂလားရဲများကို ပိုက်ဆံပေး၍ ပြည်ပနိုင်ငံများသို့ ဘင်္ဂလားဒေ့(ရှ်)နိုင်ငံမှ အလွယ်တကူသွားနိုင်ကြပါသည်။ အကယ်၍ ရန်ကုန်မှ သွားမည်ဆိုလျှင် ဘင်္ဂလားဒေ့(ရှ်)မှ သွားသည်ထက် ငွေကုန်ကြေးကျစရိတ်(၂)ဆ မှ(၃)ဆအထိ ပိုကုန်ပါမည်။ ထို့ကြောင့် ဘင်္ဂလားဒေ့(ရှ်)မှ ဖြတ်သန်းသွားလာသည်က ပို၍ များသည်။

ဘင်္ဂလားဒေ့(ရှ်)နိုင်ငံသားများ ထောင်နှင့်တူသောနိုင်ငံသို့ ခိုးဝင်ရန် အကြောင်းမရှိဟု အများကဆိုကြသည်။ မြန်မာနိုင်ငံဘက်မှသာ ဘင်္ဂလားဒေ့(ရှ်)ကိုဖြတ်၍ နိုင်ငံတကာသို့သွား ကြောင်း၊ နိုင်ငံတကာသတင်းများအရ သိရသည်။ ထို့ကြောင့် ဤအချက်ကို စုံစမ်းစစ်ဆေးရေး ကော်မရှင်မှ သတိပြုသင့်ကြောင်း ယုံကြည်ပါသည်။ လက်တွေ့အဖြစ်မှန်နှင့် မကင်းကွာသင့်ဟု ယုံကြည်ပါသည်။ အစိုးရသတင်းစာနှင့် ဝန်ထမ်းများ၏ အာဘော်ကိုသာ ယုံကြည်မည်ဆိုလျှင် လက်တွေ့အဖြစ်မှန်များနှင့် ကင်းကွာသွားပါမည်။ နား၊ မျက်စိ ဖွင့်၍ အစိုးရက မသိနားမလည် သေးသော လက်တွေ့ အဖြစ်အပျက် အမှန်များကို သိအောင်ကြိုးစားရပါမည်။

ဘင်္ဂလားဒေ့(ရှ်) နိုင်ငံ ဒါကာမြို့တော်တွင် ခိုလှုံ၍ ရခိုင်ဒီမိုကရေစီအင်အားစုများ နိုင်ငံရေးတက်တက်ကြွကြွ လှုပ်ရှားသံများကို နိုင်ငံခြားသတင်းဌာနများမှ မကြာခဏ ကြားရပါသည်။ အကယ်၍ ဘင်္ဂလားဒေ့(ရှ်)နိုင်ငံသားများ ရန်ကုန်သို့လာ၍ ဤသို့နိုင်ငံရေးလှုပ်ရှား ပါက နှစ်ရှည်ထောင်နန်းစံရမည်သာဖြစ်သည်။ ဘင်္ဂလားဒေ့(ရှ်)နှင့် မြန်မာနိုင်ငံသည် ဤသို့ ခြားနားသည့် အခြားအချက်များစွာရှိပါသည်။ လွတ်လပ်ခွင့်များလည်း များစွာခြားနားပါသည်။

ဘင်္ဂလားဒေ့(ရှ်)မှ ခိုးဝင်သည်ဟု စွပ်စွဲရာတွင် လက်တွေ့အခြေနေများကိုပါ ထည့်သွင်း စဉ်းစားရန်လိုပါသည်။ရိုဟင်ဂျာများကို လူမျိုးရေး၊ဘာသာရေးအရ မုန်းတီး၍ ဘင်္ဂလားဒေ့(ရှ်)မှ ခိုးဝင်လာသည်ဟု စွပ်စွဲကြခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ရခိုင်ပြည်နယ်တွင် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်း ရေး၊ အနာဂတ်တွင် ပဋိပက္ခထပ်မံ မပေါ်ပေါက်ရေးအတွက် အရှိတရားများကို မျက်ကွယ်ပြု၍ ဖြေရှင်းကြမည်ဆိုလျှင် မည်သို့မျှ အောင်မြင်မည်မဟုတ်ပါ။ နောက်ထပ်နှစ်ပေါင်း(၄၀)ကျော် ထပ်မံအချိန်ကုန်ရန်သာရှိပါသည်။

ဘင်္ဂလားဒေ့(ရှ်)မှ ခိုးဝင်သည်ဆိုသည့်အချက်သည် ယုတ္တိလုံးဝမရှိပါ။ ရိုဟင်ဂျာများကို တရားဥပဒေနှင့်အညီအမြန်ဆုံး နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးပါရန် ထပ်မံ အကြံပြု တင်ပြအပ်ပါသည်။

## (၁၃) ပိန်းရွက်စားကြမလား

နွားများသည် မြက်စားကြပါသည်။ သို့သော် ပိန်းရွက်မစားကြပါ။ မြောက်ကိုရီးယားတွင် ပြည်သူများမြက်စားကြရသည်ဟု သတင်းဌာနများမှတစ်ဆင့် ကြားရပါသည်။ သို့သော် ရိုဟင်ဂျာများသည် ပိန်းရွက်သာမက၊ ပိန်းဥလည်းစား၊ ပိန်းနွယ်လည်းစား၊ ပိန်းရိုးလည်းစား၊ ပိန်းပွင့်လည်းစား၊ ပိန်းတစ်ပင်လုံးစားကြရသည်။ အကယ်၍ ရိုဟင်ဂျာလူမျိုးများနေရာတွင် အခြားလူမျိုးတစ်မျိုးဖြစ်လျှင် မျိုးတုံးပျောက်ကွယ်သွားနိုင်ပါသည်။ ရိုဟင်ဂျာလူမျိုးများဖြစ်၍သာ ဤသို့ ဒုက္ခခံ၍ သစ်ဥ၊သစ်ဖု၊သစ်ရွက်မျိုးစုံစား၍ အသက်ရှင်ရပ်တည်နိုင်ရန် ကြိုးစားနေခြင်း ဖြစ်သည်။ ငှက်ပျောဖူးနှင့် ငှက်ပျောအူတိုင်များကိုလည်း စားကြရသည်။ ထင်းခုတ်၊ဝါးခုတ် တောတက်၊ ငါးဖမ်းလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ မည်သူမျှ သူဌေးဖြစ်ရန် မျှော်လင့်နေကြသူများမဟုတ်။ ပြေးလိုကြသူများသာ ဖြစ်သည်။ ၄င်းရိုဟင်ဂျာများကို ဘာသာရေးအရ တိုက်ခိုက်နေသူများက ရိုဟင်ဂျာများ ပင်လယ်ထဲ ငါးဖမ်းသွားကြသည်အခါ၊ ငါးပါလျှင်ပါ၊ မပါလျှင် ကုလားပါသည်ဟု စော်စော်ကားကားစွပ်စွဲကြသည်။ ရေတပ်ကို ပိုက်ဆံပေး၍ ခိုးဝင်ကြသည်ဟု မဟုတ်မမှန် မတော်မတရားစွပ်စွဲကြသည်။ ဤသို့ မတော်မတရားစွပ်စွဲချက်များ ရပ်တန့်သွားအောင် ဤစုံစမ်းစစ်ဆေးရေးကော်မရှင်က ဖော်ထုတ်နိုင်မည်ဟု ယုံကြည်ပါသည်။ ထိုသို့ မတော်မတရားစွပ်စွဲချက်များကို ရပ်တန့်သွားရန်အတွက် ရိုဟင်ဂျာများကို–

- တရားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အမြန်ဆုံးထုတ်ပေးပါ။
- သိက္ခာချပြီး၊ စော်ကားသည့် စက္ကူဖြူများထုတ်ပေးခြင်းကို ချက်ချင်းရပ်ပါ။
- ပဋိပက္ခများကို သိက္ခာရှိရှိ ဖြေရှင်းပါ။
- ဖြူစင်သည့် ရည်ရွယ်ချက်ထားပါ။
- အဖြစ်မှန်များကို မဖုံးကွယ်ပါနှင့်။
- လောလောဆယ်ဖြစ်ပျက်နေသော ပြည်တွင်း ပြည်ပသတင်းများကို မပြတ်နားထောင်ပါ။
- ဓားထမ်းဆွေးနွေးကြရမည့် သမိုင်းအလိမ်များကို ဘက်မလိုက်ဘဲ ဘေးဖယ်ထားပါ။
- လက်တွေ့ ကျသည့်၊ လုပ်ငန်းများကိုသာ ဆောင်ရွက်ပါ။
- သို့မှသာ ယခုဖြစ်ပွားခဲ့သော ပဋိပက္ခကြီးကို နားလည်ရာကျမည်။
- အနာဂတ်ပဋိပက္ခများကိုလည်း ကြိုတင်တားဆီးရာလည်းကျပေမည်။

## (၁၄) စကပ်ချုတ်–ထဘီဝတ်–ထဘီချွတ်–စကပ်ဝတ်၊

## ပဋ္ဌိပက္ခ၏ မူလအကြောင်းခံတစ်ရပ်

စာရေးဆရာမ (နှင်းပန်းအိမ်)၏ အမှောင်ခန်းအတွင်းမှ သူရဲကောင်းတို့၏တိုင်းပြည် ခေါင်းစဉ်ဖြင့် နိုင်ငံခြားသတင်းဌာနတစ်ခုမှ အသံလွှင့်ခဲ့ပါသည်။ ဘူးသီးတောင် ထောင်တွင် ထောင်ဝင်စာသွားရောက်တွေ့ဆုံသော အစ္စလာမ်ဘာသာဝင်အမျိုးသမီးငယ် (ရိုဟင်ဂျာ)များ ထောင်ဝင်စာတွေ့ရန် အမည်စာရင်းခေါ်သည့်အခါ အလျင်အမြန် စကပ်ချွတ်၍ ထဘီပြောင်းဝတ် ရပါသည်။ပြီးနောက် အမည်စာရင်းခေါ်သည့်နေရာသို့ သွားရပါသည်။အမည်ပါ မပါ နားထောင် ရပါသည်။ အမည်မပါလျှင် ပြန်သွားရပြီး ထဘီချွတ်၍စကပ်ပြန်ဝတ်ရပါသည်။ နောက်တစ်ခါ အမည်ခေါ်သည့်အခါ စကပ်ချွတ်၍ထဘီပြန်ဝတ်ကြရပါသည်။ဤသို့ ကြိမ်ဖန်များစွာပြုလုပ်ပြီးမှ ထောင်ဝင်စာတစ်ကြိမ်၊ခေတ္တခဏသာတွေ့ခွင့်ရကြပါသည်။ထောင်ဝင်စာမှာလည်း ငရုတ်သီး တောင့် အနည်းငယ်နှင့် ဆားအနည်းငယ်သာလျှင်ပါရှိပါသည်။ အခြား စားစရာများ မပါရှိပါ။ ဆင်းရဲလွန်း၍ ဆားနှင့် ငရုတ်သီးတောင့်သာ တတ်နိုင်ကြပါသည်။ အလွန်ကြေကွဲစရာဖိနှိပ်မှု၊ ရက်စက်မှု၊အနိုင်ကျင့်မှု၊လူ့ဂုဏ်သိက္ခာကို ဆိုးရွားစွာချိုးနှိမ်မှု၊ စက်ဆုတ်ဖွယ်ရာအပြုအမူဖြစ်၍၊ ကမ္ဘာကသိအောင် နိုင်ငံ့ခေါင်းဆောင်ကြီးများသိအောင် ဗုဒ္ဓဘာသာ စာရေးဆရာမတစ်ဦးက ရဲရင့်စွာ အသံလွှင့်ခဲ့ပါသည်။

၄င်းအပြင် မောင်းတောထောင်တွင် အဖမ်းခံထားရသော အစ္စလာမ် ဘာသာဝင်လူငယ် (ရိုဟင်ဂျာ)တစ်ဦးအကြောင်းအသံလွှင့်ပါသည်။ ထိုလူငယ်သည် မောင်းတောမှ ဘူးသီးတောင် သို့ ထောက်ခံချက်မပါဘဲ အလုပ်လာလုပ်သည့်အတွက် အဖမ်းခံရခြင်းဖြစ်သည်။ သားဇောနှင့် မိခင်အိုကြီးသည်အလွန်ကြမ်းတမ်းသည့်တောတောင်ကိုဖြတ်၍ ခြေလျင်ခရီးဖြင့် မောင်းတောမှ ဘူးသီးတောင်ထောင်သို့ သားကိုတွေ့ရန်လာပါသည်။ ထောင်ရှေ့တွင်ရှိနေကြသောပြည်သူ များက မိခင်အိုအတွက် စိုးရိမ်ပူပန်ကြပါသည်။ မိခင်အိုကြီးတွင် မှတ်ပုံတင်ရှိသလားဟု မေးကြ ပါသည်။ အမေအိုကြီးက မရှိဟုဖြေပါသည်။ ထိုအခါ အမေအိုကြီးအတွက် ပတ်ဝန်းကျင်ရှိ လူအားလုံးက စိုးရိမ်ပူပန်သွားကြပါသည်။ အမေအိုကြီးကိုလည်းထောင်ဝင်စာမတွေ့ဘဲ ပြန်သွား ကြရန် ဝိုင်းဝန်း၍ ဖျောင်းဖျကြပါသည်။ အမေအိုကြီးပါ ထပ်မံ အဖမ်းခံရမည်ကို အားလုံးက ရှင်းပြကြပါသည်။ သားဇောကပ်နေသော အမေအိုကြီးက သားဇောဖြင့် ဘာကိုမျှ မသိတော့ပါ။ အားလုံးက အတန်တန်ဖျောင်းဖျမှ ဘူးသီးတောင်မှ မောင်းတောသို့ ပြန်သွားပါသည်။

ဤအဖြစ်အပျက်များသည် ပုံပြင်မဟုတ်ပါ။ ဇာတ်လမ်းထွင်ခြင်းမဟုတ်ပါ။ ကမ္ဘာက သိပြီးသား အဖြစ်မှန်သာဖြစ်ပါသည်။ ဤသို့ပင် ကြေကွဲစရာ အဖြစ်အပျက်များစွာ ရှိပါသည်။ ထို့ကြောင့် အကြောင်းခံမရှိဘဲ ပဋိပက္ခမဖြစ်ပေါ်နိုင်ပါ။ ဤအကြောင်းခံများကို ဖယ်ရှားကုစားရန် အတွက် ရိုဟင်ဂျာများအား တရားဥပဒေနှင့်အညီ အမြန်ဆုံး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးပါရန် အလေးအနက် အကြံပြုအပ်ပါသည်။

ဤနေရာမှနေ၍ စာရေးဆရာမ နှင်းပန်းအိမ်အား အထူးကျေးဇူးတင်ရှိပါသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် လူမျိုးဘာသာမခွဲခြားဘဲ အရှိကိုအရှိအတိုင်း ကမ္ဘာသိအောင် ဆောင်ရွက်ခဲ့သည့်အတွက် အထူးလေးစားမိပါသည်။ ဆရာမ၏ ပြောင်မြောက်သည့် သတ္တိကို လည်း ချီးကျူးပါသည်။ စုံစမ်းရေးကော်မရှင်လူကြီးများသည်လည်း လူမျိုးဘာသာမခွဲခြားဘဲ တရားဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်မည်ဟု ယုံကြည်ပါသည်။

## (၁၅) ရွာဘုရား ရွာသား မလေးစား

ယခုဖြစ်ပွားခဲ့သည့် ပဋိပက္ခမျိုးမဖြစ်ရန် ဇာတ်တူများဖြင့် ကာကွယ်တားဆီး၍ မရနိုင်ပါ။ သက်သေခံအဖြစ် ယခုပဋိပက္ခကြီးသည် လုံလောက်သည့် ထင်ရှားသည့် သက်သေ သာဓက တစ်ရပ်ဖြစ်ပါသည်။အကယ်၍ ခရစ်ယာန်ဘာသာဝင်၊ ဟိန္ဒူဘာသာဝင်နှင့် အခြားတိုင်းရင်းသား လုံထိန်းများ၊ အာဏာပိုင်များ၊ ဝန်ထမ်းများရှိခဲ့လျှင် ပဋိပက္ခကြီးကို အချိန်မီတားဆီးနိုင်ခဲ့မည် ဖြစ်သည်။ အနာဂတ်ပဋိပက္ခများမဖြစ်စေရန်အတွက် ခရစ်ယာန်ဘာသာဝင်နှင့် ဟိန္ဒူဘာသာဝင် များကို ပိုမိုခန့်ထားရန်အကြံပြုလိုပါသည်။ ခရီးသွားလုပ်ငန်းများမြှင့်တင်ခြင်း နိုင်ငံခြားရင်းနှီးမြှုပ် နှံမှုများကို တိုးမြှင့်ခြင်း၊ စာသင်ကျောင်းများတိုးချဲ့ခြင်း၊ လျှပ်စစ်မီးများ ကျေးရွာအရောက် (၂၄)နာရီပေးခြင်း စသည်ဖြင့် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ပေးလျှင် အနာဂတ်တွင် အလားတူပဋိပက္ခများမပေါ်နိုင်ဟု တွေးကောင်းတွေးပါလိမ့်မည်။ ဤသို့တွေးလျှင် အပြည့်အဝ မမှန်နိုင်ပါ။ ရွာဘုရား ရွာသား မလေးစား ဆိုသည်ကို သတိပြုသင့်ပါသည်။ အခြားပြည်နယ် တိုင်းများမှ ခရစ်ယာန်ဘာသာဝင်နှင့် ဟိန္ဒူဘာသာဝင်များအပါအဝင် လူမျိုးပေါင်းစုံကို လူမျိုး ဘာသာမခွဲခြားဘဲ တရားမျှတစွာ ခန့်ထားပါရန် အကြံပြုလိုပါသည်။

## (၁၆) တော်လှန်ရေးကောင်စီ၏ လူမျိုးစု(၁၃၅)မျိုး

လဝက လူမျိုးစု(၁၃၅)မျိုးပါစာရင်းသည် ပါလီမန် (ပြည်သူ့လွှတ်တော်)က ပြဋ္ဌာန်းခဲ့ခြင်း မဟုတ်။ အာဏာရှင်ကြီးတစ်ဦးက သူ၏အကြိုက် တစ်ဖက်သတ် ပြဋ္ဌာန်းခဲ့ခြင်းသာဖြစ်သည်။ အစွန်းရောက်ပြဋ္ဌာန်းချက်တစ်ရပ်ဖြစ်သည်။ တရားမျှတမှု လုံးဝမရှိသည့် ပြဋ္ဌာန်းချက်ဖြစ်သည်။ ဤစာရင်းတွင် မည်သူပါ၍ မည်သူကျန်သည်ကို ပွင့်ပွင့်လင်းလင်း မသိရ။ ကျန်ခဲ့သူများလည်း ဖြေရှင်းခွင့်မရခဲ့။ အာဏာရှင်တစ်ဦးတည်း၏ သဘောဖြင့် ပြဋ္ဌာန်းခဲ့သည့်စာရင်းကို ဘုရားပေး ကျမ်းအဖြစ် မှတ်ယူ၍မရပါ။ သို့သော် ပြန်မပြောရ၊ မဆွေးနွေးရ၊ မလိုက်နာလျှင် ကျောင်းသား ခေါင်းဆောင် ဆလိုင်းကိုတင်မောင်ဦးကဲ့သို့ ကြိုးစင်ရောက်သွားနိုင်ပါသည်။ လူမျိုးခြား ဘာသာခြားများအတွက် ကြိုးစင်သည် အဆင်သင့်ရှိသည်။ ဆလိုင်းကိုတင်မောင်ဦး၏ အဖြစ် အပျက်သည် မြန်မာပြည်ရှိ လူမျိုးခြားဘာသာခြားအားလုံးကို သတိပေးလိုက်သကဲ့သို့ဖြစ်သည်။ ထို့ကြောင့် လူမျိုးစု (၁၃၅)စာရင်းကို လူနည်းစုများအနေဖြင့် စောဒကမတက်ဝံ့ပါ။ယခုအခါ စုံစမ်းစစ်ဆေးရေးကော်မရှင်ပေါ်လာပြီဖြစ်၍သာ အရဲစွန့်တင်ပြရခြင်းဖြစ်ပါသည်။

ဤ လဝက (၁၃၅)စာရင်းတွင် မပါရှိသည့်လူမျိုးစုများရှိပါသည်။ ဗိုမီးလူမျိုးနှင့် ကိုးကန့် လူမျိုး စာရင်း မပါပါ။ များမကြာမီက ဗိုမီးအမျိုးသားများ နိုင်ငံခြားတိုင်းပြည်များတွင် ဆန္ဒပြ ခဲ့ကြသည်ကို နိုင်ငံခြားသတင်းများတွင်ကြားခဲ့ရပါသည်။ ရိုဟင်ဂျာလူမျိုးတစ်မျိုးတည်းသာ စာရင်းမပါသကဲ့သို့ လဝကဝန်ကြီးက ထပ်ခါတလဲလဲအသံကောင်းဟစ်သည်ကို ကြားရပါသည်။ အလားတူ ကွတ်ကီးလူမျိုးများ၏ စာရင်းကိုလည်း မတွေ့ရပါ။ အချို့လူမျိုးများ၏အမည်ကို ထိုစာရင်း၌ သူတို့မကြိုက်နှစ်သက်သည့်အမည်ဖြင့် ဖော်ပြထားသည်များလည်းတွေ့ရပါသည်။ လူမျိုးတိုင်း လူမျိုးတိုင်း ကိုယ်ကြိုက်နှစ်သက်သည့် အမည်ကို သုံးစွဲခွင့်ရှိပါသည်။ တစ်ဖက်သတ် အမြင် တစ်ဖက်သတ်ပြဋ္ဌာန်းချက်များကို စွန့်လွှတ်သင့်ပါသည်။ အထူးသဖြင့် လူနည်းစုများကို အနိုင်မကျင့်သင့်ပါ။ ဗိုလ်မကျသင့်ပါ။

လူနည်းစု၏အသံကို နားထောင်ပါ။ ခြားနားသည့်အမြင်များကို နားထောင်ပေးပါ။ ပွင့်လင်းသည့် လူ့အဖွဲ့အစည်းကို ထူထောင်ပေးပါ။ ပဋိပက္ခတစ်ဝက် အလိုလိုပျောက်ကွယ် သွားမည်။

တရားဥပဒေနှင့်အညီ တရားသဖြင့် အုပ်ချုပ်ပါ။ ကျန်ပဋိပက္ခ တစ်ဝက် အလိုလို ပျောက်သွားပါမည်။

ကျွန်တော်များအနေဖြင့် နိုင်ငံသားဖြစ်ရေး/မဖြစ်ရေး၊ တိုင်းရင်းသားဖြစ်ရေး/မဖြစ်ရေး၊ နိုင်ငံတော်အစိုးရက တရားဥပဒေနှင့်အညီဆုံးဖြတ်ခွင့်ရှိကြောင်း နားလည်ပါသည်။ သို့သော် ရိုဟင်ဂျာအမည်ကို သက်ဆိုင်ရာလူမျိုးကသာလျှင် ဆုံးဖြတ်ခွင့်ရှိပါသည်။ အခြားမည်သူတစ်ဦး တစ်ယောက်မျှ စွက်ဖက်ခွင့် ပြဋ္ဌာန်းခွင့် မရှိပါ။ ၎င်းတို့ မကြိုက်သည့်အမည်ကို မခေါ်သင့်ပါ။ နှိမ့်ချသည့် အမည်များကို မသုံးသင့်ပါ။ ခွဲခြားဆက်ဆံသည့် အသုံးအနှုန်းမျိုးကို မသုံးသင့်ပါ။ ရိုဟင်ဂျာလူမျိုးများ၏ အမည်ကို သူတို့ကိုယ်တိုင် ရွေးချယ်ခွင့်မရှိသည်က ပဋိပက္ခဖြစ်ရသည့် မူလအကြောင်းခံအဖြစ် သုံးသပ်ပါရန် အကြံပြုအပ်ပါသည်။

ရိုဟင်ဂျာများကို ဘင်္ဂါလီဟု ခေါ်ဆိုခြင်းကို ပြည်ထောင်စုသား ဘင်္ဂါလီများက မကြိုက်ပါ။ လက်မခံပါ။ သဘောမတူပါ။ ဘင်္ဂါလီလူမျိုးတွင် ဘင်္ဂါလီဟိန္ဒူ၊ ဘင်္ဂါလီဗုဒ္ဓဘာသာ၊ ဘင်္ဂါလီခရစ်ယာန်နှင့်နတ်ကိုးကွယ်သူများလည်းရှိကြပါသည်။ ၎င်းတို့အားလုံးက ရိုဟင်ဂျာ လူမျိုးများကို ဘယ်တုန်းကမှ ဘင်္ဂါလီအဖြစ်လက်မခံခဲ့ပါ။ ရိုဟင်ဂျာကို စစ်တကောင်းရခိုင်၊ အာရ်ကန်နီ၊ ရှိုင်းဂယားဟူ၍သာ ခေါ်ဆိုကြပါသည်။ရိုဟင်ဂျာများကို ဘင်္ဂါလီဟု ဘင်္ဂါလီလူမျိုး များ၏ သဘောတူ ခွင့်ပြုချက်မပါဘဲ မသုံးစွဲသင့်ပါ။ ဤပဋိပက္ခတွင် ပိန္နဲပင် ဆွဲမထည့်သင့်ပါ။ ဘင်္ဂါလီလူမျိုးသည် ကမ္ဘာပေါ်တွင် သန်း(၃၀၀)ကျော်ရှိသည့် လူမျိုးဖြစ်သည်။ ဘင်္ဂါလီနယ် သည်လည်း (၂)ခုရှိသည်။ ဘင်္ဂလားဒေ့(ရှ်)(အရှေ့ဘင်္ဂလား)နှင့် အနောက်ဘင်္ဂလားဖြစ်သည်။ ထို့ကြောင့် ဘင်္ဂါလီလူမျိုးများ၏ သဘောဆန္ဒမပါဘဲ တစ်ဖက်သတ်မခေါ်ဆိုသင့်ပါ။

ရိုဟင်ဂျာလူမျိုးများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ရာတွင် ဘင်္ဂါလီဟု ဖော်ပြကြရသည်။ ဤသို့ဖော်ပြကြသည်မှာ ၎င်းတို့၏ လွတ်လပ်သည့် သဘောဆန္ဒမဟုတ်ပါ။ အလွန်ကြီးမားသည့်ဖိအားရှိနေ၍ဖြစ်သည်။ အကြောက်တရားကြောင့်ဖြစ်သည်။ လွတ်လပ်စွာ တင်ပြခွင့်မရှိခြင်းကြောင့်ဖြစ်သည်။ နိုင်ငံသားအခွင့်အရေးကို မတရားသဖြင့် အဆုံးရှုံးမခံနိုင်၍ ဖြစ်သည်။

ကမန်သွေးနှောအချို့က ကမန်အဖြစ်ခံယူကြသည်။ ကမ္ဘာပေါ်တွင် သွေးနှောများသည် ဤသို့ကြိုက်ရာရွေးချယ်ခွင့်ရှိသည်။ကမန်သွေးတစ်စက်ပါရုံဖြင့် ကမန်အဖြစ်ရွေးချယ်ခွင့်ရှိသည်။ ဤသည် ယဉ်ကျေးသည့်လူသားများ၏ ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ ဘူးသီးတောင် ပြည်သူ့ ကိုယ်စားလှယ် ဦးကျော်မင်းနှင့်မိသားစုအား ကြီးလေးသော ပြစ်ဒဏ်ပေးခဲ့ခြင်းသည် ကမ္ဘာ့ အလယ်တွင် ကြီးမားသော အမည်းစက်ဖြစ်သည်။ ရှက်ဖွယ်ကောင်းသော လုပ်ရပ်ဖြစ်သည်။ အားနည်းသည့်လူနည်းစုများအပေါ် အနိုင့်အထက်ပြုကျင့်ခြင်းသာဖြစ်သည်။ နိုင်ငံရေးအရ အမြင်ကွဲလွဲသူများကို အသေသတ်သည့် မတရားသည့်လုပ်ရပ်သာဖြစ်သည်။

ရိုဟင်ဂျာများသည် အမျိုးကိုစောင့်ကြသူများဖြစ်သည်။ အခြားတစ်ပါးလူမျိုးများနှင့် လက်ထပ်သည်ကို သိပ်မတွေ့ရ။ အနည်းအကျဉ်းသာလျှင်ရှိနိုင်သည်။ သူတို့လူမျိုးကိုသာ သူတို့လက်ထပ်ကြသည်။ ဘင်္ဂါလီလူမျိုးများနှင့်လည်း လက်ထပ်မှုမရှိသလောက်ရှားသည်။

ဘင်္ဂါလီလူမျိုးများသည် ရိုဟင်ဂျာလူမျိုးများနှင့်မတူပါ။ ဘယ်လူမျိုးကိုမဆို လက်ထပ်သည်။ ဘယ်ဘာသာနှင့်မဆို လက်ထပ်သည်။တရုတ်လူမျိုးလည်း မချန်။ အင်္ဂလိပ်လူမျိုးလည်း မချန် လက်ထပ်ကြသည်။ လန်ဒန်မြို့၏ ဒုတိယလူအများဆုံးသည် ဘင်္ဂါလီဖြစ်သည်ဟုကြားဖူးပါသည်။ သို့သော် ဘင်္ဂါလီနှင့် ရိုဟင်ဂျာလက်ထပ်သည်မှာ မရှိသလောက်ရှားသည်။ မယုံလျှင် ရန်ကုန်သန်းခေါင်စာရင်းများတွင် ပွင့်လင်းလူ့အဖွဲ့အစည်းအနေဖြင့် လေ့လာဖော်ထုတ်မည်ဆိုလျှင် ရနိုင်ပါသည်။ ရိုဟင်ဂျာများသည် ပွင့်လင်းလူ့အဖွဲ့အစည်းထူထောင်သူများကို ယုံကြည်ပါသည်။ ထို့ကြောင့် ပွင့်လင်းလူ့အဖွဲ့အစည်းထူထောင်သူများအနေဖြင့် ရိုဟင်ဂျာများကို ချဉ်းကပ်၍ အမှန်တရားကိုလေ့လာနိုင်ပါသည်။ ရိုဟင်ဂျားများသည် လဝကကိုကြောက်ပါသည်။ လဝကများအနေဖြင့် အမှန်တရားဖော်နိုင်မည် မဟုတ်။ လဝက ကမေးလျှင် သူတို့အားလုံး ဘင်္ဂါလီ ဖြစ်သည်၊ ရိုဟင်ဂျာတစ်ယောက်မှမရှိဟု ဆိုပါလိမ့်မည်။ ၄င်းတို့၏ လွတ်လပ်သည့် သဘောဆန္ဒကို ရနိုင်မည် မဟုတ်ပါ။

ရိုဟင်ဂျာနှင့် ဘင်္ဂါလီခွဲခြားရန် အလွန်လွယ်ကူပါသည်။ ရိုဟင်ဂျာများက အမျိုးကို စောင့်သည်၊ အခြားလူမျိုးနှင့်လက်မထပ်၊ ဘင်္ဂါလီက ဘယ်လူမျိုးနှင့်မဆို လက်ထပ်သည်၊ ဤအချက်ကို ထောက်ရှုစစ်ဆေးလျှင် ဘင်္ဂါလီနှင့် ရိုဟင်ဂျာ အလွယ်တကူခွဲခြားနိုင်မည်။ ရိုဟင်ဂျာများသည် မွေးဖွားသည်မှ သေသည်အထိ အိပ်မက်ဆိုးများဖြင့်ကြီးပြင်းခဲ့ရသူများ ဖြစ်သည်။ ထို့ကြောင့် ဘယ်သူ့ကိုမျှမယုံ၊ သူ့လူမျိုးကိုသာ သူယုံသည်။ အမျိုးကို စောင့်ကြပါသည်။ ထို့ကြောင့် စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် လူမျိုးတစ်မျိုး၏ စရိုက်လက္ခဏာကို အကြမ်းအားဖြင့် သိရှိထားရန်လိုအပ်ပါသည်။ ကျွန်တော်များအနေဖြင့် မည်သူတစ်ဦး တစ်ယောက်ကိုမျှ ထိခိုက်စေချင်သည့် ရည်ရွယ်ချက်မရှိပါ။ စုံစမ်းစစ်ဆေးရေး ကော်မရှင် အနေဖြင့် သိရှိရန် လိုအပ်သည်ဟု ယုံကြည်၍သာတင်ပြရခြင်းဖြစ်ပါသည်။ သို့မှသာ ပဋိပက္ခ ဖြစ်ရသည့်အကြောင်းရင်းတွင် ရိုဟင်ဂျာအမည်နှင့် စပ်လျဉ်း၍ အတိမ်အနက်ကို အမှန်အတိုင်း တိုင်းတာနိုင်ပါမည်။ ထို့ကြောင့် တော်လှန်ရေးကောင်စီ၏ လူမျိုးစု(၁၃၅)မျိုးကို လေ့လာရာတွင် ရိုဟင်ဂျာအခန်းကဏ္ဍကို တစ်စိတ်တစ်ဒေသ လေ့လာမိမည်ဖြစ်ပါသည်။

## (၁၇) လူမျိုးစု(၁၄၄)စာရင်းဘယ်ပျောက်နေသလဲ၊
## (၉)မျိုး ဘယ်လိုပျောက်သွားသလဲ

လဝက၏စာရင်းတွင် မူလစာရင်းအမှန်မှာ (၁၄၄)မျိုးဖြစ်သည်။ (၁၃၅)မျိုး စာရင်းသည် နောက်မှတိုးတိုးတိတ်တိတ် နောက်ဖေးပေါက်က တက်လာသည့်စာရင်းဖြစ်သည်။ မူလ(၁၄၄)မျိုးစာရင်းတွင် ရိုဟင်ဂျာများ၏ စာရင်းကို စစ်တကောင်းရခိုင်ဟု အတိအလင်းဖော်ပြထားပါသည်။ စာရင်းအသစ်တွင် စစ်တကောင်းရခိုင်အပါအဝင် (၉)မျိုးကို တစ်ဖက်သတ် သုတ်သင်ရှင်းလင်းခဲ့ပါသည်။ အာဏာရှင်များ၏ အကျင့်စရိုက်အတိုင်း တစ်ဖက်သတ် ဖြုတ်ချခဲ့ခြင်းဖြစ်ပါသည်။ သက်ဆိုင်သည့်လူမျိုးများကို ခုခံခြေပခွင့်၊ ဖြေရှင်းခွင့်မပေးခဲ့ပါ။ ဖြေရှင်းခွင့်၊ ခြေပခွင့်ကိုပေးပြီးမှသာလျှင် ဖြုတ်သင့်၊ မဖြုတ်သင့် ဆုံးဖြတ်သင့်ပါသည်။ ယခုမူ ထိုသို့မဟုတ် အဖြုတ်ခံရသည့် လူမျိုး(၉)မျိုးက သိတောင်မသိလိုက်ပါ။ အဖြုတ်ခံရသည့် လူမျိုးများ အလွန်နစ်နာပါသည်။

အကယ်၍ လဝက၏မူလ(၁၄၄)စာရင်းသာ ဆက်သုံးခဲ့မည်ဆိုလျှင် ယခုဖြစ်ပွားခဲ့သည့် ပဋိပက္ခကြီး မဖြစ်ပွားနိုင်ပါ။ အချိန်မီ ကာကွယ်ထိန်းသိမ်းနိုင်မှာ သေချာပါသည်။ ယခုမူ တစ်ဖက်ကိုမြှောက်၊ အခြားတစ်ဖက်ကိုဖိ၊ မှုမမှန်သည့် စာရင်းဇယားများကြောင့် ပဋိပက္ခများ ဖြစ်ခဲ့ရသည်ဟု ထည့်သွင်း စဉ်းစားရန်လိုပါသည်။

လဝကဝန်ကြီးသည် (၁၃၅)မျိုးတွင် ရိုဟင်ဂျာမပါဟုသာ အထပ်ထပ်ပြောနေပါသည်။ (၁၄၄)စာရင်းတွင် စစ်တကောင်းရခိုင်အဖြစ် ပါဝင်နေကြောင်းကို မရှင်းပြပါ။ ဝန်ကြီးကိုယ်တိုင် သိရှိနားလည်ပုံမပေါ်ပါ။ ဝန်ကြီးသည် ဤကိစ္စတွင် ကျွမ်းကျင်သူ (Expert)မဟုတ်ပါ။ လဝကဌာနမှ အဆင့်ဆင့် ရာထူးတက်လာသူမဟုတ်ပါ။ စစ်တပ်က တက်လာသောဝန်ကြီးတစ်ဦးသာ ဖြစ်သည်။ ထို့ကြောင့် ရိုဟင်ဂျာ မုန်တီးသူများ၏ စကားနှင့် ယခင် စစ်အစိုးရအရာရှိများ၏ တစ်ဖက်သတ်စကားကိုသာ နားဝင်နေပါသည်။ (၁၃၅)စာရင်းကိုသာ သူသိပုံရသည်။

သဃ်န်းကျွန်း လွှတ်တော်အမတ်ကြီးတစ်ဦးကလည်း၊ ရိုဟင်ဂျာများကို အစိုးရအဆက်ဆက် အကျင့်ပျက်ဝန်ထမ်းများက လာဘ်စား၍သွင်းလာခဲ့သည်ဟု အချွန်နှင့်မသည်။ မည်သူမည်ဝါ တိတိကျကျ ထောက်ပြသည်ကိုလည်း မတွေ့ရ။ မီးလောင်ရာလေပင့် အသံကောင်းဟစ်သွားသည်ကိုကြားမိပါသည်။ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ထိုအဂတိလိုက်စားမှုကို ဖော်ထုတ်အရေးယူနိုင်ရန် ပို၍ တိတိကျကျပြောသင့်ပါသည်။ မတိကျ၊ မသေချာဘဲ ပြောခြင်းသည် ရိုဟင်ဂျာများကို များစွာ ထိခိုက်နစ်နာစေပါသည်။

ဤသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး စွပ်စွဲသည့်အချိန်မှစ၍ ရခိုင်ပြည်နယ်တွင် မီးရှို့မှုများ ပိုမိုများပြားလာပါသည်။ ပဋိပက္ခလည်းပို၍ကျယ်ပြန့်ခဲ့ပါသည်။ ၎င်းကိုယ်စားလှယ်ကြီး ပြောကြားခဲ့သည့် ရက်စွဲကိုကြည့်၍ ရခိုင်ပြည်ပဋိပက္ခ ယှဉ်တွဲ၍ လေ့လာပါ။ ရိုဟင်ဂျာများ သောင်းကျော် ဒုက္ခသည်စခန်းရောက်နေပါသည်။ ဤနေရာတွင် အခြားလူမျိုးများသာဆိုပါက ၎င်းပြည်သူ့ကိုယ်စားလှယ်ကြီး အသက်နှင့်ခန္ဓာ အိုးစားကွဲမည်မှာ သေချာသည်။ မြေနိမ့်ရာ လှံမစိုက်သင့်ပါ။ကော်မရှင်အနေဖြင့် ပဋိပက္ခစုံစမ်းရေးသည်မလွယ်ကူကြောင်း၊ အလွန်ခက်ခဲကြောင်း၊ နားလည်သည့်အတွက် ထောင့်စုံဘက်စုံမှ သုံးသပ်နိုင်ရန် တင်ပြရခြင်းဖြစ်ပါသည်။

ဝန်ကြီးချုပ် ဦးနုသည် ပါလီမန်ဒီမိုကရေစီစနစ်အရ တက်လာခဲ့သော ဝန်ကြီးချုပ် တစ်ဦးဖြစ်ပါသည်။ ဝန်ကြီးချုပ် ဦးနုသည် ရိုဟင်ဂျာမဲများရရှိရန် မတော်မတရားလုပ်ခဲ့သည်ဟု စွပ်စွဲကြသည်။ ရိုဟင်ဂျာကိစ္စကို ဝန်ကြီးချုပ်ဦးနုက တစ်ဦးတည်းဆောင်ရွက်ခဲ့ခြင်း မဟုတ်။ ဦးကျော်ငြိမ်း၊ ဦးဘဆွေ၊ ဗိုလ်မှူးအောင်၊ ဦးအောင်ကြီးအပါအဝင် အားလုံးက တညီတညွတ်တည်း ဆုံးဖြတ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အစိုးရတစ်ဖွဲ့လုံးတွင် တာဝန်ရှိသည်။ ပါလီမန် တစ်ခုလုံးတွင်လည်းတာဝန်ရှိသည်။အဘယ်ကြောင့် ဝန်ကြီးချုပ်ဦးနု တစ်ဦးတည်းကိုရွေး၍ စွပ်စွဲရပါသနည်း။ ဤစွပ်စွဲချက်သည် တရားမျှတမှုမရှိသော စွပ်စွဲချက်ဖြစ်သည်။ ပုဂ္ဂိုလ်ရေး ဆန်သောစွပ်စွဲချက်ဖြစ်သည်။ဦးနေဝင်း အာဏာသိမ်းမှုကို ထောက်ခံသော စွပ်စွဲချက်ဖြစ်သည်။ စစ်အာဏာရှင်စနစ်ကို ထောက်ခံသော စွပ်စွဲချက်ဖြစ်သည်။ ဝန်ကြီးချုပ်ဦးနု အစိုးရ၏ တရားဝင် ဆောင်ရွက်ချက်တစ်ရပ်ကို တရားဝင်ဆောင်ရွက်သည်ဟုသာ မှတ်ယူရမည်။ မတော်မတရား လီဆယ်ပြောဆိုရေးသား၍ အမြတ်မထုတ်သင့်ပါ။

ဦးနေဝင်းအာဏာရှိစဉ် တစ်ဦးတည်း လုပ်ချင်ရာလုပ်သည်။ ဘယ်သူ့ကိုမှ ဂရုမစိုက်ပါ။ ဤအချက်ကိုလူတိုင်းတညီတညွတ်တည်းလက်ခံကြပါသည်။ ဝန်ကြီးချုပ် ဦးနုက ထိုသို့မဟုတ်။ ပါလီမန်ဒီမိုကရေစီစနစ်ကို ဦးဆောင်ခဲ့သူဖြစ်သည်။ လွတ်လပ်ရေးယူပေးခဲ့သူ ခေါင်းဆောင် တစ်ဦးလည်းဖြစ်သည်။ စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် ဒီမိုကရေစီဘောင်အတွင်းမှသာ စဉ်းစားဆောင်ရွက်ရန်လိုသည်။ ဒီမိုကရေစီစနစ်ကိုဖျက်လိုဖျက်ဆီး ပြောဆိုမှုများကို သတိပြု သင့်သည်။ ယခုအချိန်သည် ဒီမိုကရေစီစနစ်ကို တည်ဆောက်ရန်ကြိုးပမ်းနေသည့် အရေးကြီး သောအချိန်ဖြစ်သည်။ လှေပြေးတုန်း တက်ကျိုး အဖြစ်ဆိုးမျိုး မရောက်ရန် သတိပြုရပါမည်။ အကြမ်းဖက်သည့် အမျိုးသားရေးဝါဒီများသည် ဒီမိုကရေစီမျက်နှာဖုံးဖြင့် လွှတ်တော်ထဲသို့ပင် ရောက်ရှိနေပြီးဖြစ်သည်။ ပဋိပက္ခဖြစ်ခဲ့ရသည့် မူလအကြောင်းခံအဖြစ် ဒီမိုကရေစီမျက်နှာဖုံးစွပ် အမျိုးသားရေးအစွန်းရောက်များကိုပါ ထည့်သွင်း သုံးသပ်ရန်လိုပါသည်။

## (၁၈) အကြမ်းဖက်သမားက ကိုဆိုဗိုနှင့် ပါလက်စတိုင်းကို ထောက်ပြ၍ လှုံ့ဆော်ခြင်း

ရခိုင်ပါတီကြီးတစ်ခု၏ ဥက္ကဋ္ဌက အင်တာဗျူးများတွင်လည်းကောင်း၊ စာစောင်များတွင်လည်းကောင်း၊ ပါတီမှထုတ်သည့်ကြေညာစာတမ်းတွင်လည်းကောင်း ကိုဆိုဗိုနှင့်ပါလက်စတိုင်းကိုထောက်ပြ၍ ဆူပူသောင်းကြမ်းမှု ကြီးမားကျယ်ပြန့်လာအောင် အရှိန်မြှင့်တင်ခဲ့ပါသည်။ ယူဂိုဆလားဗီးယားပြည်ထောင်စုသည် အာဏာရှင်က မတရားဖိနှိပ်၍ ရာဇဝတ်များကျူးလွန်ခဲ့သည့်အတွက် (၁) မက်ဆီဒိုးနီးယား (၂) ခရိုအေးရှား (၃) ဘောစနီးယားဟာစီဂိုးဗီးနား (၄) ကိုဆိုဗို (၅) မွန်တီနီဂရို စသည်ဖြင့် လွတ်လပ်သည့်နိုင်ငံများအဖြစ် ပေါ်ထွက်ခဲ့ပါသည်။ ရခိုင်ပြည်အကြမ်းဖက်လိုသူများက ကိုဆိုဗို တစ်ခုတည်းကိုထောက်ပြ၍ အကြမ်းဖက်မှုများကို အရှိန်မြှင့်တင်ခဲ့ပါသည်။ ရာဇဝတ်မှုများကျူးလွန်၍ တရားဥပဒေရှေ့မှောက်ရောက်နေသူ မျိုးချစ်မျက်ကန်းခေါင်းဆောင်များကိုမေ့လျော့နေပုံရသည်။ အမှန်တကယ် အရှိတိုင်း သုံးသပ်ရမည်ဆိုလျှင် ရခိုင်ပြည်နယ်တွင် ၄င်းပါတီက နိုင်ငံရေးအမြတ်ထုတ်၍ အကြမ်းဖက်မှုကို ရည်ရွယ်ချက်ရှိရှိဖြင့် လှုံ့ဆော်ခဲ့ခြင်းသာဖြစ်ပါသည်။

၄င်းအပြင် ရိုဟင်ဂျာများကို အုတ်တံတိုင်းခတ်၍ အစ္စရေးနိုင်ငံကဲ့သို့ ပိတ်ဆို့ရမည်ဟု လှုံ့ဆော်ပြန်ပါသည်။ တစ်ဖန် ရိုဟင်ဂျာများသည် မြန်မာနိုင်ငံတွင် ပါလက်စတိုင်းနိုင်ငံကဲ့သို့ မွတ်စ်လင်မ်နိုင်ငံထူထောင်ရန်ကြံစည်နေသည်ဟု ထပ်မံ၍ အရှိန်မြှင့်ကာလှုံ့ဆော်ပြန်ပါသည်။ ရဟူဒီဘာသာဝင်များကို ဟစ်တလာက လူမျိုးပြုတ်သတ်ဖြတ်ခဲ့ရာမှ ရဟူဒီလူမျိုးများ ပါလက်စတိုင်းဒေသသို့ အစုလိုက် အပြုံလိုက် ပြောင်းရွှေ့ခဲ့ကြပါသည်။ ဇီယွန်ဝါဒအရလည်း နိုင်ငံအသီးသီးမှ ရဟူဒီများ ပါလက်စတိုင်းဒေသသို့ ပြောင်းရွှေ့လာကြပါသည်။ အစ္စရေးနိုင်ငံလည်း ကမ္ဘာမြေပုံပေါ်တွင် နိုင်ငံအသစ်တစ်နိုင်ငံအဖြစ် ပေါ်ထွက်လာပါသည်။ တစ်ဆက်တည်း အရပ် အစ္စရေးစစ်ပွဲလည်း တစ်ပွဲပြီး တစ်ပွဲ ပေါ်ပေါက်ခဲ့ပါသည်။ အရပ် အစ္စရေးပြဿနာသည်လည်း ယခုတိုင် ဖြေရှင်းမရသေးပါ။ အနောက်ဂျေရုစလင်တွင် ဂျူးအိမ်ရာစခန်းများ တည်ဆောက်နေခြင်းကိုရပ်တန့်ရန် အမေရိကန်အပါအဝင် နိုင်ငံတကာမှတောင်းဆိုနေသကဲ့သို့ ပါလက်စတိုင်းများကိုလည်း အစ္စရေးနိုင်ငံအား အသိအမှတ်ပြုရန် အမေရိကန်အပါအဝင် နိုင်ငံတကာမှ တောင်းဆိုကြပါသည်။ထိုပဋိပက္ခသည် ဆက်လက်ဖြေရှင်းနေရဆဲရှိသည်။ ယခုမူ ထိုအကြောင်းအချက်များကို နားမလည်ကြသော ရခိုင်ပြည်သူများအပေါ် နိုင်ငံရေးအမြတ်ထုတ်၍ ရခိုင်နိုင်ငံရေးပါတီကြီးတစ်ခုက လှုံ့ဆော်ခြင်းကို တရားဥပဒေနှင့်အညီတားမြစ်သင့်ပါသည်။ ပဋိပက္ခကို အရှိန် မြှင့်ခွင့် မပေးသင့်ပါ။

ပါလက်စတိုင်းများကိုလည်း မွတ်စ်လင်မ် နိုင်ငံထူထောင်လိုသူအဖြစ် ဖော်ပြခြင်းမှာ လှည့်စော်ခြင်းသက်သက်ဖြစ်သည်။ ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့(PLO)သည် တပ်ပေါင်းစုဖြစ်သည်။ ၎င်းအဖွဲ့တွင် ပါဝင်သည့် ပေါ်ပြူလာတပ်ဦးသည် ခရစ်ယာန်လူမျိုး ဂျော့ရ်ဟာဘက်ရှ် တည်ထောင်သည့်အဖွဲ့ဖြစ်သည်။ မွတ်စ်လင်မ်နိုင်ငံထူထောင်ရန် ကြိုးပမ်းခြင်း မဟုတ်။ ရခိုင်နိုင်ငံရေးပါတီကြီးက ရခိုင်ပဋိပက္ခကို ဘာသာရေးပဋိပက္ခဖြစ်စေလိုသည်။ ရခိုင်ပဋိပက္ခကို ဘာသာရေးပဋိပက္ခအသွင်သို့ အရှိန်မြှင့်ရန် အသုံးချခြင်းကို တားမြစ်သင့်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်လည်း မွတ်စ်လင်မ်နိုင်ငံမဟုတ်။ ဘာသာရေးကို အခြေမခံသည့် နိုင်ငံဖြစ်သည်။ နိုင်ငံ၏အာဏာအရှိဆုံး ဝန်ကြီးချုပ်သည် မွတ်စ်လင်မ်ဖြစ်သော်လည်း ဒုတိယ အာဏာအရှိဆုံး နိုင်ငံခြားရေးဝန်ကြီးမှာ ဗုဒ္ဓဘာသာဝင် ဒီပမုနိ ဖြစ်သည်။ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာဝင် အခြားဝန်ကြီးများလည်းရှိသည့်အပြင် စစ်တပ်တွင် ဗိုလ်ချုပ်များလည်းရှိသည်။ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးသည် ဗုဒ္ဓဘာသာဝင် ဗိုလ်ချုပ်တစ်ဦးဖြစ်သည်။သို့သော်ဘင်္ဂလားဒေ့ရှ်ကို ဘာသာရေးအခြေခံနိုင်ငံတစ်ခုအသွင်ဖြင့် ရခိုင်နိုင်ငံရေးပါတီကြီးက ပဋိပက္ခများတွင် အသုံးချပါသည်။ရခိုင်နိုင်ငံရေးပါတီကြီးက ရခိုင်ပြည်နယ်တွင် ပါလက်စတိုင်း နိုင်ငံကဲ့သို့ ထူထောင်ရန် ကြိုးစားနေသည်ဟု စာဖြင့်ထုတ်ပြန်ကြေညာခြင်းသည် မွတ်စ်လင်မ် များနှင့် ဖြစ်ပွားသည့်ပဋိပက္ခအဖြစ် ပုံဖော်ခြင်းသာဖြစ်သည်။ ပဋိပက္ခဖြစ်နေစဉ်ကာလအတွင်း၊ မီးကုန်ယမ်းကုန် အရှိန်မြှင့်ခြင်းပင်ဖြစ်သည်။ ၎င်းနိုင်ငံရေးပါတီကြီးကြောင့် ပဋိပက္ခသည် ဖြစ်သင့်သည်ထက် ပို၍ ကြီးမားကျယ်ပြန့်ခဲ့ပါသည်။ ဤအချက်ကို ကော်မရှင်အနေဖြင့် ဟုတ်/မဟုတ် အထူးအလေးပေး စစ်ဆေးသင့်ပါသည်။ သို့မဟုတ်ပါက ဤပါတီကြီးသည် နာဇီပါတီကြီးကဲ့သို့ အစွန်းရောက်ပါတီကြီးအဖြစ်သို့ ပြောင်းလဲသွားပြီ ပါတီခေါင်းဆောင်များကလည်း ဟစ်တလာနှင့် နောက်လိုက်ခေါင်းဆောင်များကဲ့သို့ ပြောင်းလဲသွားပါမည်။

ကျွန်တော်များအနေဖြင့် လူမျိုးမခွဲ၊ ဘာသာမခွဲ အားလုံးကို ချစ်ပါသည်။ တစ်ဘက်ဘက်က အစွန်းထွက်မည်ကို လုံးဝလက်မခံနိုင်ပါ။ အမျိုးသားရေးကို တရားဥပဒေအထက်တွင် နေရာမပေးလိုပါ။အမျိုးသားရေးအကြောင်းပြချက်ဖြင့် တရားဥပဒေစိုးမိုးရေးကိုမဖျက်ဆီးသင့်ပါ။ လူ့အခွင့်အရေးစံနှုန်းများကိုလည်း မဖျက်ဆီးသင့်ပါ။ ယခုအခါ ပုံစံအမျိုးမျိုး၊ နည်းအမျိုးမျိုး၊ အကြောင်းပြချက်အမျိုးမျိုးဖြင့်၊ ရိုဟင်ဂျာများအပေါ် နှိပ်ကွပ်လိုကြပါသည်။ ရိုးသားဖြူစင်သည့် တရားမျှတသည့် ပြောဆိုပြုမူဆက်ဆံခြင်းမျိုးကိုသာ သတိရှိရှိဖြင့် ပြောဆိုသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

## (၁၉) ရခိုင်ပြည်နယ် ပဋိပက္ခသည် ဘာသာရေးပဋိပက္ခ ဟုတ်/မဟုတ်

ယခုပဋိပက္ခကြီးသည် သာမန်ရာဇဝတ်မှုမှ ပဋိပက္ခသို့ အသွင်ပြောင်းခဲ့ခြင်းဖြစ်သည်။ ၄င်းပဋိပက္ခကို ဦးဆောင် ကျူးလွန်ခဲ့ကြသည့်သူများသည် ဘာသာရေးကို ရှေးရှုခဲ့သည်။ တောင်ကုတ်တွင် ခရီးသွားကားပေါ်ပါလာသူများအနက်မှ အစ္စလာမ်ဘာသာဝင်များကိုသာ တစ်ဦးချင်းရွေးချယ်၍ အေးအေးဆေးဆေး အနှောင့်အယှက်မရှိ၊ အတားအဆီးမရှိ၊ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်ကြီးဖြစ်ပါသည်။

အသတ်ခံရသူများမှာ ရိုဟင်ဂျာလူမျိုးများ မဟုတ်ပါ။ မြန်မာနိုင်ငံသား အစ္စလာမ် ဘာသာဝင်များသာဖြစ်သည်။ ကားပေါ်တွင် အခြားဘာသာဝင်များပါရှိသော်လည်း အသတ်ခံ ရသူများတွင် အခြားဘာသာဝင်များ လုံးဝ မပါရှိခဲ့ပါ။ ထို့ကြောင့် ဤလူသတ်မှုကြီးသည် အစ္စလာမ်ဘာသာသက်ဝင်ယုံကြည်သူများကိုသာ ရွေးချယ်၍ ခွဲခြားသတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဘာသာရေးကို ဦးတည်ခဲ့ကြောင်းကို အတိအလင်းပင် ပြောရပါမည်။ ဤသို့သုံးသပ်ရခြင်းမှာ ပြဿနာကို ပုံကြီးချဲ့လိုသဖြင့် လုံးဝ မဟုတ်ပါ။ အရှိကို အရှိအတိုင်း သုံးသပ်မှသာလျှင် အနာဂတ်အတွက် ကာကွယ်ဆေးဖော်နိုင်မည်ဖြစ်ပါသည်။ အရှိတရားကို ဖုံးကွယ်၍ သို့မဟုတ် သက်ညှာ၍ လျှော့လျှော့ပေါ့ပေါ့သုံးသပ်မည်ဆိုလျှင် အနာတခြား ဆေးတခြားဖြစ်သွားပါမည်။ ထို့ကြောင့် အနာသိရန် ဖော်ပြရခြင်းသာဖြစ်ပါသည်။

မည်သူ့ကိုမှ မရည်ရွယ်ပါ။

ရခိုင်နိုင်ငံရေးပါတီကြီးကလည်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း ဘာသာ ရေးကို ဦးတည်၍ လှုံ့ဆော်ခဲ့ပါသည်။ မီးရှို့မှုများ၊ လူသတ်မှုများကိုလေ့လာမည်ဆိုလျှင်လည်း တောင်ကုတ်လူသတ်မှုကဲ့သို့ အစ္စလာမ်ဘာသာဝင်များအပေါ်သာရွေးချယ်၍ကျူးလွန်ခဲ့ပါသည်။

ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ ကလေးသူငယ်များပါ သတ်ဖြတ်ခံခဲ့ကြရပါသည်။ မီးရှို့ရာတွင်လည်း ပိတ်မိနေသောသူများ၊ မီးဘေးလွတ်ရာသို့ ထွက်မပြေးနိုင်ရန်၊ ပစ်ခတ်ခြင်း၊ တုတ်၊ ဓား၊ လှံ၊ ဝါးချွန်များဖြင့် ပိတ်ဆို့တိုက်ခိုက်ခဲ့ကြောင်းကိုVOA, RFA, DVB ရုပ်မြင်သံကြား သတင်းများအရလည်းကောင်း၊ ကိုယ်တွေ့ ကြုံခဲ့သူများ၏ပြောပြချက်များအရလည်းကောင်း သိရှိရပါသည်။

ဘာသာရေးကို ဦးတည်လှုံ့ဆော်ခဲ့သော ရခိုင်ပါတီကြီးနှင့် နောက်လိုက်များအား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ရှင်းလင်းပြတ်သားသော နိဘယ်လ်ဆုနှင့် ထိုက်တန်သော စိတ်ဓာတ်ကို တင်ပြလိုပါသည်။ (၁၉၄၇)ခုနှစ်၊ မေလတွင် ကျင်းပခဲ့သည့် (ဖ–ဆ–ပ–လ) ပဏာမပြင်ဆင်မှုညီလာခံတွင် ဒီးဒုတ်ဦးဘချို၏ အဆိုနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်အောင်ဆန်းက–

"... ဒီမှာ ဆရာ၊ ကျွန်တော်တို့က လူကြိုက်အောင် လုပ်နေတာမဟုတ်ဘူး၊ ဒီလို မဟုတ်မဟတ် ကိုယ်ထင်ရာတွေ လျှောက်လုပ်နေကြမယ်ဆိုလျှင် ကျွန်တော်တို့ တိုင်းပြည်ဟာ မကြာမီ ပျက်စီးပြိုကွဲပြီး ကျွန်သပေါက်ဖြစ်သွားမှာဘဲ။ ကျွန်တော်တို့ တိုင်းပြည်မှာ အလောင်းဘုရားလက်ထက်ကတည်းက မူဆလင်တွေရှိတယ်။ ဘုရင်ကျီ တွေရှိတယ်။ အစတုန်းကတည်းကရှိလာကြတဲ့ နတ်ကိုးကွယ်တဲ့ တောင်တန်းသားတွေ ရှိတယ်။ အဲသည်တောင်တန်းသားတွေဟာ အင်္ဂလိပ်လက်အောက်တုန်းက တစ်ချို့ ခရစ်ယာန်တွေဖြစ်ပြီး အရိုးစွဲနေကြတာရှိတယ်။ သူတို့တစ်တွေဟာ အားလုံးနိုင်ငံသား တွေပဲ။ တိုင်းပြည်ကို ကျွန်တွင်းက လွတ်အောင် တိုက်ထုတ်ကြတုန်းက ကျွန်တော်တို့ ချည်းမဟုတ်ဘူး။ သူတို့တတွေ ပါကြတယ်။ ယခု ကျွန်တွင်းက လွတ်မည်မကြံ သေးဘူး။ သူတို့တွေအပေါ်မှာ အနိုင်ကျင့်ပြီး ငါတို့လူများစုရဲ့ ဘာသာကို နိုင်ငံတော် ဘာသာဖြစ်ရမယ်လို့ လုပ်လိုက်လျှင် ကျွန်တော်တို့ဟာ ခွေးလောက်တောင် သောက်သုံးမကျတဲ့ အကောင်တွေ ဖြစ်သွားကြမှာပေါ့ဆရာ။ တိုင်းပြည်ကို တိုင်းပြည် ရေးလို တွေးစမ်းပါ။ ဘာသာရေးတွေ ဘာတွေ ညာတွေ လုပ်မနေစမ်းပါနှင့်။ ကျွန်တော်တို့ဟာ တိုင်းပြည် တစ်ခုလုံး စည်းလုံးကြဖို့လိုတယ်။ .....ယခုအချိန်မှာ လိုချင်တာက ပြည်ထောင်စုထဲမှာရှိနေကြတဲ့ လူမျိုးအားလုံး၊ ဘာသာအားလုံး ဘယ်တော့မှ မပြိုကွဲဘဲ ခွဲထွက်သွားမည့် လူတွေ ပေါ်မလာစေဘဲ နိုင်ငံရေးစိတ်ဓာတ် တစ်ခုတည်းရှိအောင်သွင်းပြီးစည်းလုံးဖို့လိုတယ်။ နိုင်ငံတော်ဘာသာကို ဗုဒ္ဓဘာသာ လုပ်ချင်ရင် ဗုဒ္ဓဘာသာနိုင်ငံတော်လို့ ဆရာ့ဘာသာ ဆရာကြေညာ၊ကျွန်တော်မပါဘူး"

ကျွန်တော်များအနေဖြင့် ဘာသာရေးခုတုံးလုပ် ၊ နိုင်ငံရေးအမြတ်ထုတ်၊ ပဋိပက္ခများကို အရှိန်မြင့်အောင် သွေးထိုးလုပ်ဆောင်နေကြသူများကို သိစေလိုပါသည်။ ပြုပြင်စေလိုပါသည်။ ပြည်ထောင်စုကြီးတစ်ခုလုံး၊ တည်ငြိမ်အေးချမ်းစေလိုပါသည်။ တရားဥပဒေနှင့်အညီ အုပ်ချုပ် စေလိုပါသည်။ သို့မှသာ ယခုပဋိပက္ခကြီးချုပ်ငြိမ်းကာ တည်ငြိမ်အေးချမ်းလာမည်ဟု ယုံကြည်ပါသည်။

## (၂၀) ဝတ်ကျောင်းတော်များနှင့် စာသင်ကျောင်းများကို ဖျက်ဆီးခြင်း

ကျွန်တော်သည် နှစ်ပေါင်းများစွာ သတင်းနားထောင်သူတစ်ဦးဖြစ်ပါသည်။ အမေရိကန်နိုင်ငံကနှစ်စဉ်ထုတ်ပြန်သည့် ကြေညာစာတမ်းတွင် ဝတ်ကျောင်းတော်များ ဖျက်ဆီးခြင်း၊ စာသင်ကျောင်းများဖျက်ဆီးခြင်း၊သမိုင်းဝင်သင်္ချိုင်းများဖျက်ဆီးခြင်း၊စသည် စသည်ဖြင့် ဘာသာရေးဖိနှိပ်ချုပ်ချယ်မှုများကြားသိရပါသည်။ တော်လှန်ရေးကောင်စီလက်ထက်မှ ယနေ့အထိကြားနေရပါသည်။ထိုအခြေအနေမျိုး မရှိသင့်ပါ။ တည်ငြိမ်အေးချမ်းသော နိုင်ငံတော်ကြီးဖြစ်ရေးအတွက် ပြုပြင်ရန် လိုအပ်သည်များကို ပြုပြင်ရပါမည်။ ဖြေလျှော့ရန် လိုအပ်သည်များကို ဖြေလျှော့ရပါမည်။အစိုးရကပါဝင်ဖိနှိပ်သည့်ပဋိပက္ခမျိုးမဖြစ်သင့်ပါ။ဘက်နှစ်ဖက်ရှိသည့်အနက် တစ်ဖက်ကိုမြှောက်ပေးရာရောက်သည့် သွေးခွဲအုပ်ချုပ်သည့် စနစ်မျိုး မကျင့်သုံးသင့်ပါ။

ဘာသာရေးပဋိပက္ခအဖြစ်သို့ ဦးတည်လိုသူများကလည်း ဝတ်ကျောင်းတော်များကို၊ အဓိကဦးတည်တိုက်ခိုက်ကြပါသည်။ ပဋိပက္ခများ စတင်ရာတွင် ဝတ်ကျောင်းတော်များကို ခဲများဖြင့် ပစ်ပေါက်ခြင်းဖြင့်လူစုလူဝေးများဖြစ်လာအောင်၊ လုပ်ကြပါသည်။ လူစုလူဝေးများလာသည့်အခါ အစ္စလာမ်ဘာသာဝင်များ၏ အိမ်များ၊ ဆိုင်များကို ရွေးချယ်၍ တိုက်ခိုက်ကြပါသည်။ အစိုးရက နည်းပေး၊ လမ်းပြပြုသကဲ့သို့ ဖြစ်နေပါသည်။ ကျွန်တော့်အမြင်ဖြင့် တစ်ဖက်သတ် စွပ်စွဲနေခြင်း မဟုတ်ပါ။ အမေရိကန်နိုင်ငံနှင့် အခြား INGOများ၏ သဘောထားအမြင်များကိုလည်း ထည့်သွင်း သုံးသပ်စေလိုပါသည်။

ဆူးလေဘုရားအနီးရှိ ဝတ်ကျောင်းတော်နှင့် ရန်ကုန်ဝတ်ကျောင်းတော်များကို ထောက်ပြ၍ ဘာသာရေးဖိနှိပ်မှုမရှိဟု အစိုးရက ပြန်လည် ချေပခဲ့သည်များလည်း သိရှိပါသည်။ သို့သော် မြို့သစ်များနှင့် အချို့နယ်များတွင် ဝတ်ကျောင်းများမရှိ၍ လူနေအိမ်များတွင် ဝတ်ပြုရပါသည်။ အာဏာပိုင်များသိရှိသည့်အခါ အဖမ်းခံရခြင်း၊ အပိတ်ခံရခြင်းများကိုလည်း ကြားရပါသည်။ ဝတ်ပြုခွင့် မရှိ။ အရက်ဆိုင်များသာ တိုးချဲ့ဖွင့်ခွင့် ရှိသည်။ အဖြစ်မှန်များကို အမှန်အတိုင်း မတင်ပြဝံ့ပါ။

ယခုအခါ စုံစမ်းစစ်ဆေးရေးကော်မရှင်ပေါ်ပေါက်ပြီးဖြစ်၍သာ အရဲစွန့်တင်ပြရခြင်းဖြစ်ပါသည်။ ဤသို့တင်ပြရခြင်းအတွက် တစ်ဦးဦးကို ထိခိုက်ခဲ့ပါလျှင် မရည်ရွယ်ဘဲ ထိခိုက်သည်ဟု မှတ်ယူပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။

## (၂၁) ပုဒ်မ(၁၄၄)ကို အကာအကွယ်ယူ၍ တိုက်ခိုက်ခြင်း

ပုဒ်မ(၁၄၄)ထုတ်သည့်အချိန်မှစ၍ အစ္စလာမ်ဘာသာဝင်များ အိမ်ပြင်သို့ မထွက်နိုင်ကြပါ။ တစ်ဖက်မှလည်း ပုဒ်မ(၁၄၄)ကို အကာအကွယ်ယူပြီး ရဲများနှင့်အတူ အစ္စလာမ်ဘာသာဝင်များ၏ အိမ်များကို ဝိုင်းဝန်းတိုက်ခိုက်ကြပါသည်။ မီးတင်ရှို့ကြပါသည်။ ပုဒ်မ(၁၄၄)သည် ဘာသာရေးအစွန်းရောက်တိုက်ခိုက်သူများအတွက် အကာအကွယ်ဖြစ်ခဲ့ပါသည်။ ပုဒ်မ(၁၄၄) ထုတ်ပြီးမှ မီးရှို့တိုက်ခိုက်မှုများ ပို၍ ပို၍ပင် များလာခဲ့ပါသည်။

၄င်းမီးရှို့တိုက်ခိုက်သူများက စွပ်စွဲချက်အမျိုးမျိုး နိုင်ငံခြားသတင်းဌာနများသို့ အင်တာဗျူး အမျိုးမျိုးထုတ်ပါသည်။ ကိုယ့်အိမ်ကိုကိုယ် မီးရှို့ကြပါသည်ဟု အထပ်ထပ် စွပ်စွဲကြပါသည်။ ဟုတ်မဟုတ် ယခုအခါ ပဋိပက္ခစုံစမ်းစစ်ဆေးရေးကော်မရှင်က စစ်ဆေးခွင့်ရနေပြီဖြစ်၍ ဤအချက်ကို အဓိကထား စစ်ဆေးပေးစေလိုပါသည်။ အမှန်တရားပေါ်မည်ဟု ယုံကြည်ပါသည်။ မီးလောင်သေဆုံးသူအရေအတွက်လည်း ပိုများလာမည်ဟုနားလည်ထားပါသည်။ သေဆုံးသူ(၈၀)ကျော်အစား (၈၀၀)ကျော် ဖြစ်သွားနိုင်ပါသည်။

ပုဒ်မ(၁၄၄)ထုတ်ပြီးနောက် အဘယ်ကြောင့် အကြမ်းဖက်မှုများတိုးလာရပါသနည်း။ ပုဒ်မ(၁၄၄)သည် အကြမ်းဖက်သမားများအတွက် လုံခြုံစိတ်ချရသည့် အကာအကွယ်ဖြစ်ခဲ့ပြီး အခြားတစ်ဖက်အတွက် ကြီးမားသော အတားအဆီးကြီးဖြစ်ခဲ့ပါသလား။

အကယ်၍သာ ပုဒ်မ(၁၄၄)အစား ကိုယ့်အိမ်ကိုယ်ကာကွယ်ခွင့်ရခဲ့လျှင် ဤမျှ ဆိုးဆိုးရွားရွားမထိခိုက်နိုင်ဟု သုံးသပ်မှုမျိုးကိုလည်း ကြားရပါသည်။ ထို့ကြောင့် ပုဒ်မ(၁၄၄)သည် တစ်ဖက်သတ်နစ်နာမှုမျိုး ဖြစ်ခဲ့ပါသလားဟု မေးခွန်းထုတ်စရာရှိပါသည်။ စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့်လည်း ဤအဖြေကို အမှန်အတိုင်းရရှိမည်ဟု မျှော်လင့်ပါသည်။

## (၂၂) လူမျိုး (၂)မျိုးအကြား ရန်တိုက်ပေးနေပါသလား

မသင့်မတင့်ဖြစ်နေကြသော လူမျိုး(၂)မျိုးအကြား သံသယပွားနေသော လူမျိုး(၂) မျိုးကြားတွင် ရန်တိုက်ပေးသည့် အပြောအဆို အပြုအမူများကို ရှောင်သင့်ပါသည်။ ရိုဟင်ဂျာ အိမ်ထောင်စုတစ်ခုကို ထောက်၍ လဝကဝန်ကြီးက မိသားစု(၇၀)ကျော် ရှိနေကြောင်း၊ ဝေဖန် ပြောဆိုပါသည်။ ရိုဟင်ဂျာအားလုံး၏ အိမ်ထောင်စုတွင် ထိုသို့များနေပါသလား။ ထိုသို့လုံးဝ မဖြစ်နိုင်ပါ။ လူမျိုးတိုင်း၊ ဘာသာတိုင်းတွင် ထိုသို့စုန်းပြူးများရှိနိုင်ပါသည်။ မင်းတုန်းမင်းတွင် သားသမီး(၁၀၀)ကျော်ရှိသည်ဟု ကြားဖူးပါသည်။

ကျွန်တော်များသိရှိထားသည်မှာ ရိုဟင်ဂျာများ၏အိမ်ထောင်စုတွင် အိမ်ထောင်ခွဲ သား သမီးများ၊အိမ်ထောင်ခွဲ မြေးများအားလုံး ၊ အိမ်ထောင်စုဇယားတစ်ခုတည်းအောက်တွင်သာ နေကြရပါသည်။ သန်းခေါင်စာရင်းခွဲခွင့် မရှိပါ။ ထိုအချက်ကို လဝက ဝန်ကြီး သိပုံမရပါ။ ရက်ဖွယ်ကောင်းပါသည်။ မပြောမပြီး မတီးမမြည်ဖြစ်နေ၍သာ တင်ပြရခြင်းဖြစ်ပါသည်။ ရိုဟင်ဂျာများ၏ အိမ်ထောင်ရေးစနစ်သည် တစ်လင်တစ်မယားစနစ်ဖြစ်၏။ အိမ်ထောင် ကျပြီးလျှင် အိမ်ထောင်ပြိုကွဲခြင်းမရှိသလောက်ရှားပါသည်။ ကွာရှင်းပြတ်စဲခြင်း မရှိသလောက် ရှားပါသည်။ အိမ်ထောင်ကွာရှင်းပြတ်စဲပြီးလျှင် ပြန်လည်ပေါင်းသင်းခွင့် လုံးဝမရှိ။ ထို့ကြောင့် ကွာရှင်းပြတ်စဲခြင်းရှားပါး ပါသည်။ ဇနီးတစ်ယောက်ထက် ပိုယူသူများသည် မိသားစုဝင်အားလုံး ကို ရုပ်ဝတ္ထုပစ္စည်းများ အညီအမျှပေးရပါသည်။ ထိုသို့ ရုပ်ဝတ္ထုပစ္စည်းများ အညီအမျှပေးရန် ဖြစ်ကောင်းဖြစ်နိုင်သော်လည်း မေတ္တာကိုမူ အညီအမျှခွဲဝေပေးရန် လုံးဝမဖြစ်နိုင်ပါ။ သို့သော် မေတ္တာကိုပါ အညီအမျှခွဲဝေပေးရန် တာဝန်ရှိပါသည်။ ထို့ကြောင့် ဇနီးတစ်ဦးထက်ပိုယူရန် မဖြစ်နိုင်ပါကြောင်း ရိုဟင်ဂျာများနားလည်ပါသည်။

ထိုသို့ မေတ္တာတရားကိုပါအညီအမျှ မခွဲဝေခဲ့လျှင် မလိုလားအပ်သည့် လူမှုရေး ပြဿနာများ ပေါ်ပေါက်မည်ဟုတရားတော်အရ သိထားပြီးဖြစ်သည်။ ထို့ကြောင့် ဇနီးမယား တစ်ယောက်ထက်ပိုယူရန် သူတော်စင်၊ သူတော်ကောင်းများအတွက်သာ ဖြစ်ကောင်းဖြစ်နိုင် ပါသည်။သာမန် လူတစ်ယောက်အတွက် လုံးဝမဖြစ်နိုင်ကြောင်း သူတော်ကောင်း တရားတော် အရ သိထားကြပြီးဖြစ်သည်။ ထို့ကြောင့် ရိုဟင်ဂျာများ၏ သန်းခေါင်စာရင်းကိုတိတိကျကျ လေ့လာ၍ ရာခိုင်နှုန်း အတိအကျဖြင့်သာ ပြောစေလိုပါသည်။ ကျွန်တော်များသိထားသည်မှာ တစ်လင်တစ်မယားစနစ်ကျင့်သုံးသူ ၉၉%ရှိပါသည်။ တစ်လင် တစ်မယားအထက် ပို၍ယူသူ ၁% အောက်သာရှိပါသည်။

လူဦးရေဝတိုးနှုန်းများသည်ဟုဆိုခြင်းကို အနည်းငယ်ရှင်းပြလိုပါသည်။ ရိုဟင်ဂျာများသည် အခြားလူငယ်များနီးတူ နိုင်ငံခြားထွက်၍အလုပ်လုပ်ခွင့်မရှိ။ အခြားဒေသများသို့လည်း သွားလာခွင့်မရှိ။ ထို့ကြောင့်အခြားလူများနှင့်စာလျှင် လူဦးရေးတိုးနှုန်းများနိုင်ပါသည်။ ထို့အပြင် ရိုဟင်ဂျာလူငယ်များသည် အိမ်ထောင်မပြုဘဲ အပျော်အပါးလိုက်စားခြင်းမရှိ။ မိဘများကလည်း အပြင်းအထန်ကြပ်မတ်ကြ၏။ ဤပြစ်မှုကျူးလွန်လျှင် သေဒဏ်ကဲ့သို့ကြီးလေးသော ပြစ်မှု ထိုက်၏။ တမန်တော်မြတ်နောက် ဆက်ခံသူ ဒုတိယမြောက် သမ္မတကြီး အုမရ်ကိုယ်တိုင် ၄င်း၏ သားဖြစ်သူကို သေဒဏ်ချမှတ်ခဲ့သည့်သမိုင်းကို ရိုဟင်ဂျာများ သိရှိနားလည်ကြသည်။ ထို့ကြောင့် အရွယ်ရောက်လျှင် တရားဝင် လက်ထပ်ကြသည်။ ကိုယ်ဝန်ဖျက်ချသည့် စနစ်ကို ဆန့်ကျင်ကြသည်။ သားဆက်ခြားခြင်းကိုမူ နားမလည်သည်က များသည်။ ထို့ကြောင့် ဝန်ကြီးအနေဖြင့် လူမျိုး(၂)မျိုးအကြားအထင်အမြင်မှားစေမည့်အပြောအဆိုမျိုးကို ရှောင်ရှားရန် မေတ္တာရပ်ခံအပ်ပါသည်။ ပြောလိုလျှင်လည်း အသေအချာလေ့လာပြီးမှသာပြောစေလိုပါသည်။ ယခုအချိန်သည် ပဋိပက္ခအကင်းမသေသေးသည့်အချိန်အခါဖြစ်သည်ကို သတိပြုပါ။

အိန္ဒိယနိုင်ငံတွင် မျိုးပျောက်မှာ ဆိုးကြောက်ပါသည် ဆိုသည့် ဟိန္ဒူအစွန်းရောက်များ၏ စောဒကကို တိကျမှန်ကန်သောအဖြေ ဒေါက်တာ ဇာကီးနိုက်က အဖြေပေးခဲ့ပြီးဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ သန်းခေါင်စာရင်းများကို အတိအကျ လေ့လာသောအခါ မွတ်စ်လင်မ်များက တစ်လင်တစ်မယား စနစ်ပိုများပြီး ဟိန္ဒူများက ဇနီးမယားတစ်ယောက်ထက်ပိုသည်က ပိုများ၏။ မွတ်စ်လင်မ်များက အိမ်ထောင်ကွာရှင်း ပြတ်စဲခြင်း မရှိသလောက် ရှားပါး၏။ ဟိန္ဒူများကမူ အိမ်ထောင်ပြိုကွဲကြသည်က ပိုများသည်။ အရွယ်ရောက်သူ မွတ်စ်လင်မ်များက တရားဝင် လက်ထပ်ကြသည်။ဟိန္ဒူများက သူတို့၏ လွတ်လပ်သည့်အနေအထားကို ပို၍ ကြိုက်သည်။ လွတ်လွတ်လပ်လပ်နေကြသည်။ အသက်ကြီးမှ လက်ထပ်ကြသည်ကများ၍ အချို့ဆိုလျှင် သားသမီးများပါ မထွန်းကားကြပါ။ မွတ်စ်လင်မ်များ ကာလသားရောဂါဖြစ်ပွားမှု အခြားသူများ ထက်ပို၍နည်း၏။ဤသို့ဖြင့် စောဒကတက်လာသည့် အစွန်းရောက်များကို စနစ်တကျ တိတိ ကျကျထောက်ပြနိုင်ခဲ့ပြီးဖြစ်သည်။ အစွန်းရောက်များကလည်း သူတို့၏ လွဲမှားသော မျိုးတုံး နိုင်သော အကျင့်ဆိုးများကို၊ မိမိတို့ကိုယ်တိုင်ပြုပြင်ရန်လိုကြောင်း နားလည်လာကြပါသည်။ သူတစ်ပါးအား မလိုမုန်းထားပြောဆိုနေခြင်းကို ရှောင်ရှားရန်နားလည် လာစ ရှိလာပါသည်။

ရခိုင်ပြည်နယ် ပဋိပက္ခကို အစွန်းရောက်များက ယုတ္တိမတန်သော စောဒကများဖြင့် လှုံ့ဆော်နေကြောင်းသိစေလို၍ ယခုကဲ့သို့တင်ပြခဲ့ရခြင်းဖြစ်ပါသည်။ အခြေနေအမှန်ကို တင်ပြခြင်းဖြစ်ပါသည်။ မည်သူမဆို အစွဲကင်းကင်းဖြင့် ဘာသာ သာသနာအားလုံးကို လေ့လာ သင့်ပါသည်။ ထို့သို့လေ့လာပါရန် ကျွန်တော်များဖိတ်ခေါ်အပ်ပါသည်။ အစွဲကင်းမှသာလျှင် အမှန်တရားကို မြင်နိုင်ပါမည်။

## (၂၃) အင်းစိန်ထောင်မှ နှစ်ရှည်ထောင်ကျ ရိုဟင်ဂျာမူဂျာဟစ်များ ဘယ်ပျောက်သွားသလဲ

တော်လှန်ရေးကောင်စီခေတ်နှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်တွင် အင်းစိန်ထောင်ထဲ၌ ရိုဟင်ဂျာ မူဂျာဟစ်များ များစွာရှိခဲ့ပါသည်။ ထိုသူများကိုထောင်မှ လွှတ်ပေးလျှင်လည်း ဘယ်မှ ထွက်မသွားကြပါ။ အပြင်သို့ အလုပ်ခိုင်းရန် လွှတ်လျှင်လည်း ထွက်မပြေးကြပါ။ ထောင်ဆွေးဆွေး လူဆွေးဆွေးနေ နေကြသူများဖြစ်သည်။ ၄င်းတို့အားလုံးကို လဝက ညွှန်ချုပ် ဗိုလ်မှူးကြီး ထိန်လင်းဟု ထင်ပါသည်။ အားလုံးကို ပါကစ္စတန်နိုင်ငံသို့ လွှဲပြောင်းပေးခဲ့ပါသည်။ ပါကစ္စတန်သမ္မတကြီး ဗိုလ်ချုပ်ကြီး ဇီယာအုလ်ဟတ်က် ကိုယ်တိုင် ၄င်း ရိုဟင်ဂျာ မူဂျာဟစ်များကို ပါကစ္စတန်နိုင်ငံ၌ လက်ခံရန် အမိန့်ထုတ်ခဲ့ပါသည်။ ပါကစ္စတန် လဝကမှ လွှဲပြောင်းယူခဲ့ပါသည်။

ယခု ရခိုင်ပဋိပက္ခကိုလည်း ပါကစ္စတန်ပြည်သူများက ဒေါသတကြီးတုံ့ပြန်ကြသည့်အတွက် ပါကစ္စတန်အစိုးရက ထိန်းသိမ်းနေရပါသည်။ ပါကစ္စတန်အစိုးရသည် အစွန်းရောက်အကြမ်းဖက်သမားများ၏ အန္တရာယ်ကို အဆိုးရွားဆုံးခံနေရသည့် နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသားတစ်ဦးတစ်ယောက်ကိုမျှ အစွန်းရောက်သမားများက အသုံးမချနိုင်ရန်လိုအပ်ပါသည်။ ပညာမတတ်သူ၊ စာမတတ်သူ၊ အနာဂတ်မဲ့နေသူများကို အစွန်းရောက်သမားများက အသုံးချလေ့ရှိပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပါကစ္စတန်နှင့် နှိုင်းယှဉ်လျှင် အစွန်းရောက်မရှိသလောက်နည်းပါးပါသည်။ ဗုဒ္ဓဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များ၊ အစိုးရအဖွဲ့တွင် ရှိကြပါသည်။ အထက်တန်းရာထူးများတွင်လည်း ရှိကြပါသည်။ ရခိုင်ပဋိပက္ခကို အကြမ်းဖက်သမားများ အခွင့်ကောင်းမယူနိုင်ရန် ကာကွယ်ထားပြီးဖြစ်သည်ဟု နားလည်ပါသည်။ ဤနိုင်ငံ(၂)နိုင်ငံကို နှိုင်းယှဉ်သိရှိနိုင်ရန်အတွက် အင်းစိန်ထောင်မှ ရိုဟင်ဂျာ မူဂျာဟစ်များအကြောင်းကို တင်ပြရခြင်းဖြစ်ပါသည်။

အနာဂတ်ပဋိပက္ခများ ရှောင်ရှားနိုင်ရန်အတွက် အသုံးတည့်မည်ဟု ယုံကြည်ပါသည်။

# အခန်း(၂)

## ၂။ ပဋိပက္ခဖြစ်ပွားမှုကြောင့် သေဆုံး၊ ဒဏ်ရာရမှုများနှင့် ပျက်စီးဆုံးရှုံးမှုများ

### (၁) တောင်ကုတ်လူသတ်မှုတွင် သေဆုံးသူများ

တောင်ကုတ်လူသတ်မှုတွင် မြန်မာနိုင်ငံသား အစ္စလာမ်ဘာသာဝင်ခရီးသည်(၁၀)ဦးကို အကြမ်းဖက်သူအယောက်(၃၀၀)ကျော်က တုတ်များ၊ ဓားများ၊ ခဲလုံးများဖြင့် အကြမ်းဖက် သတ်ဖြတ်ခဲ့သည်ဟု သိရပါသည်။

### (၂) ပဋိပက္ခတွင် မပါလိုသူများ အသတ်ခံရ

ပဋိပက္ခတွင် မပါလို၍ ဘေးလွတ်ရာသို့ ထွက်ပြေးကြသူများကို လိုက်လံရှာဖွေ သတ်ဖြတ်မှုများရှိပါသည်။ နောက်မှလိုက်လာ၍ သေနတ်ဖြင့် ပစ်ခတ် သတ်ဖြတ်မှုလည်း ရှိပါသည်။ အသေအပျောက်စာရင်း အတိအကျ မသိရပါ။

### (၃) မီးလောင်ရာတွင် ပိတ်မိပြီး မီးလောင်သေဆုံးကြသူများ

မီးလောင်ရာတွင် ပိတ်မိနေသူများ၊ ထွက်မပြေးနိုင်သူများရှိပါသည်။ လုံထိန်းအချို့က ထွက်မပြေးနိုင်ရန်လည်း ပစ်ခတ်ကြပါသည်။ အကြမ်းဖက်သမားများကလည်း၊ လုံထိန်းများနှင့် အတူဓားများ၊ ဝါးချွန်များနှင့်အတူ ဝိုင်းပတ်ပိတ်ဆို့ထားပါသည်။ ထို့ကြောင့် မီးလောင် သေဆုံး သူများဆိုးဆိုးရွားရွားများသည်ဟု သိရပါသည်။ စာရင်းအတိအကျ သိရန် ခက်ခဲပါသည်။

### (၄) မီးဘေးမှထွက်ပြေးလွတ်မြောက်သူများ သေနတ်ဒဏ်ရာ ဓားဒဏ်ရာဖြင့် သေကြရ

မီးဘေးမှ အသက်မသေထွက်ပြေးလွတ်မြောက်ကြသူအချို့၊ သေနက်ပစ်ခံရ၍၊ သေဆုံး ကြရသူများရှိပါသည်။ ဓားဒဏ်ရာများဖြင့်သေဆုံးကြသူများလည်းရှိပါသည်။ သေဆုံးသူ အရေ အတွက်သည် သတင်းထုတ်ပြန်သည့်(၈၀)ကျော်ဆိုသည်ထက် များစွာပိုကြောင်းသိရပါသည်။

## (၅) ထောင်အတွင်း အချုပ်ခန်းအတွင်း အများအပြားသေဆုံး

ရှိဟင်ဂျာအများအပြားကို အစုလိုက်အပြုံလိုက်ပင် ဖမ်းဆီးထားကြောင်းသိရပါသည်။ တစ်နေ့(၂)နာရီခန့်သာ အိပ်ခွင့်ရပြီး တောက်ရှောက် မအိပ်မနား အစစ်ဆေးခံနေရပါသည်။ ထမင်းကို ကြမ်းပြင်ပေါ် ပုံကျွေးပါသည်။ ညအိပ်သည့်အခါ ကိုယ်လုံးတီး၊ ဝတ်လစ်စားလစ်၊ ကြမ်းပြင်ပေါ်တွင် အခင်းမရှိ အိပ်ကြရပါသည်။ နေ့တိုင်း တဖြုတ်ဖြုတ် သေနေကြပါသည်။ အသေအပျောက်စာရင်းကိုလည်း ထုတ်ပြန်ခြင်း မရှိ။ ပွင့်လင်း လူ့အဖွဲ့အစည်းဆိုသူတို့၏ အသံလည်းပျောက်၊ အားလုံး အလိုတူ အလိုပါလိုဖြစ်နေကြသည်။

## (၆) လှေစီးထွက်ပြေးသူများသေကြရ

ကြောက်လန့်၍ လှေဖြင့် ထွက်ပြေးကြသူများရှိပါသည်။ ကုန်းပေါ်တွင် အကြမ်းဖက်သမားများစောင့်နေကြ၍ ကုန်းပေါ်တက်မရပါ။ မြစ်ထဲတွင် လှေမြုပ်၍ အစုလိုက်အပြုံလိုက် သေဆုံးခဲ့ကြရသည်များလည်းရှိပါသည်။ အသေပျောက်စာရင်း အတိအကျ မသိရ။

## (၇) အိုးအိမ် အပျက်အစီး

မီးလောင်ပျက်စီးသည့်အိုးအိမ်စာရင်းမှာ သတင်းထုတ်ပြန်သည်ထက်များစွာပိုကြောင်း၊ (၁၀၀၀၀)ကျော်ကြောင်း သတင်းထွက်ပါသည်။ မီးလောင်ပျက်စီးသည့် ဝတ်ကျောင်းတော် အရေအတွက်မှာလည်း (၅၀)ကျော်ကြောင်း သိရပါသည်။

# အခန်း(၃)

## ၃။တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် ဥပဒေစိုးမိုးရေးဆောင်ရွက်မှု

### (၁) လုံထိန်းများ ဥပဒေစိုးမိုးမှု မရှိ

လုံထိန်းများသည် အကြမ်းဖက်သမားများနှင့် ပူးပေါင်း၍ အကြမ်းဖက်ခဲ့ကြသည်။ အိမ်များကို မီးရှို့ခဲ့ကြသည်။ လုံထိန်းများသည် ရခိုင်များဖြစ်ကြ၍ အကြီးအကျယ်ဘက်လိုက်ကြသည်။ ခရစ်ယာန်ဘာသာဝင်၊ ဟိန္ဒူဘာသာဝင်နှင့် အခြားတိုင်းရင်းသား လုံထိန်းများမရှိ၍ အကြမ်းဖက်မှုများအကြီးအကျယ်ဖြစ်ပွားရခြင်းဖြစ်သည်။ တရားဥပဒေ စိုးမိုးမှု လုံးဝ မရှိပါ။ ပုဒ်မ(၁၄၄)ကိုအကာအကွယ်ယူ၍ လုံထိန်းများသည် အကြမ်းဖက်သမားများနှင့် ပူးပေါင်းကာ အကြမ်းဖက်မှုများကို အကြီးအကျယ် ကျူးလွန်ခဲ့ကြသည်။ အကယ်၍သာ စစ်တပ်ရောက်မလာလျှင် ရိုဟင်ဂျာလူမျိုးများနှင့် ကမန်လူမျိုးများ မျိုးပြုတ်ပျောက်ကွယ်သွားနိုင်ပါသည်။ ရိုဟင်ဂျာလူမျိုးများနှင့် ကမန်လူမျိုးများက စစ်တပ်ရောက်လာသည်ကို ကျေးဇူးတင်ကြသည်။ စစ်တပ်က ၄င်းတို့၏အသက်ကို ကယ်တင်ကြသည်ဟု ပြောကြဆိုကြပါသည်။ အကြမ်းဖက်သမားများက စစ်တပ်ကိုလည်း အမျိုးမျိုးစွပ်စွဲကြသည်ဟုသိရပါသည်။ စစ်တပ်သည် ရိုဟင်ဂျာများထံမှ လာဘ်စား၍ အကူအညီပေးသည်ဟုစွပ်စွဲကြသည်။အလားတူစွပ်စွဲမှုမျိုးUNHCR , WHP,အပါအဝင်အခြား INGOများလည်း စွပ်စွဲခံရပါသည်။

အကြမ်းဖက်သမားများသည် ရိုဟင်ဂျာနှင့်ကမန်များကို မောင်းထုတ်လိုကြပါသည်။ တတိယနိုင်ငံတစ်ခုခုသို့ ထွက်ပြေးစေလိုပါသည်။ သို့မဟုတ်ပါက တစ်ဦးတစ်ယောက်ကိုမျှ အရှင်မထားလိုပါ။ ၄င်းအကြမ်းဖက်သမားများ၏ ဥက္ကဋ္ဌသည် ၄င်း၏ သဘောထားကြေညာချက်ကိုအတိအလင်း ကြေညာထားပြီးဖြစ်သည်။ ရိုဟင်ဂျာများအားလုံးကို ဒုက္ခသည်စခန်းသွင်းမည်။ တတိယနိုင်ငံတစ်ခုခုသို့ ပို့ပစ်မည်။ သို့မဟုတ်ပါက အုတ်တံတိုင်းခတ်ထားမည်။ ယခုအခါ ၄င်းဥက္ကဋ္ဌကို အကြမ်းဖက်သမားများက အမျိုးသားခေါင်းဆောင်၊ အမျိုးသားသူရဲကောင်းအဖြစ်မှတ်ယူကြသည်။ ၄င်းဥက္ကဋ္ဌ၏ သဘောထားကြေညာချက်ကို သောင်းသောင်းဖျဖျ အားပေးကြသည်။ ထို့ကြောင့် ရိုဟင်ဂျာများသည် စစ်တပ်ကိုသာ အားကိုးနေရကြောင်းသိရပါသည်။ စစ်တပ်ကိုသာ တိုးချဲ့ချပေးထားစေလိုပါသည်။

ယခုအခါ တရားဥပဒေစိုးမိုးရေးအတွက် ရိုဟင်ဂျာများသည် စစ်တပ်တစ်ခုတည်းကိုသာ အားကိုးနေရပါသည်။ ဤကား အမှန်တရားဖြစ်၏။ စစ်တပ်ကို မြှောက်ပင့်နေခြင်း မဟုတ်ပါ။

# အခန်း(၄)

## ၄။ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ပေးနိုင်မှု

### (၁) ရိုဟင်ဂျာဒုက္ခသည်စခန်း

ရိုဟင်ဂျာဒုက္ခသည်စခန်းများသည် ဒုက္ခသည်အရေအတွက်နှင့် မကာမိလောက်အောင် လူဦးရေအလွန်များပြားလှသည်။ တဲများ၏ အခြေအနေသည် အလွန်ဆိုးရွားသည်။ ကောက်ရိုးများခင်း၍ နေကြရသည်။ အစားအသောက်များလည်း မလုံလောက်။ ပြင်ပသို့လည်း သွားရောက် ဝယ်ခွင့် မရှိ။ အချို့ ငှက်ပျောပင်များစားနေရသည်။ အချို့ ကွမ်းသီးပင်အညွန့်များ ခူးစားနေရသည်။ စစ်တပ်မှ စာနာသူအချို့ ရိုဟင်ဂျာများကို ကူညီသော်လည်း အကြမ်းဖက်သမားများက လာဘ်စား၍ ကူညီကြသည်ဟု မတော်မတရား စွပ်စွဲကြသည်။ရိုဟင်ဂျာစခန်းများသို့ အကူညီပေးလိုသူများ မသွားရောက်နိုင်။ လုံခြုံရေးမရှိ၊ ဥပဒေ စိုးမိုးမှုမရှိ၊ ယနေ့တိုင် အခြေနေ မထူးခြားသေးကြောင်း သိရသည်။

### (၂) အမျိုးများ၏ နေအိမ်များတွင် ခိုလှုံနေကြရသည့် ဒုက္ခသည်များ

ဒုက္ခသည်စခန်းတွင် ဒုက္ခသည်များလွန်း၍ အချို့ဒုက္ခသည်များ အမျိုးများ၏နေအိမ်တွင် ခိုလှုံကြရသည်။ သို့သော် အစားအသောက်မရှိ။ဆန်ပြုတ်သောက်နေကြရသည်။အကူအညီပေးသူများလည်း မရောက်နိုင်။ ဟန့်တားနှောင့်ယှက်မှုများရှိသည်။ စစ်တပ်အကူအညီဖြင့် စားစရာနည်းနည်းပါးပါးဝယ်၍ရပါသည်။ အပြင်မထွက်ရဲကြ။ ကိုယ်ဝန်ဆောင် မီးဖွားလိုသူများပါ ဒုက္ခရောက်ကြရသည်။ မီးဖွားပေးမည့် လက်သည်မရှိ။ ဆေးရုံတက်ခွင့် အခက်အခဲရှိသည်။

# အခန်း(၅)

## ၅။ ပဋိပက္ခချုပ်ငြိမ်းရေးအတွက် ရေတို ရေရှည်ဆောင်ရွက်သင့်သည့်အချက်များ

### ရေတိုဆောင်ရွက်ရန်

### (၁) ရခိုင်ဒေသရှိ အစ္စလာမ်ဘာသာဝင်များအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထုတ်ပေးရန်

အစ္စလာမ်ဘာသာဝင်များအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်မပေးသည်မှာ ကြာပြီဖြစ်သည်။ ယခု ဥပဒေနှင့်အညီ ချက်ခြင်းထုတ်ပေးပါ။ အဖြူရောင်စက္ကူများထုတ်ပေးခြင်းကို ရပ်ပါ။ လျှောက်ထားလာသူများကို အချိန် မဆွဲပါနှင့်။ အဖြေမပေးဘဲ မဆုံးဖြတ်ဘဲထားသည့် အစဉ်အလာကို ဖျောက်ပါ။

### (၂) နိုင်ငံခြား အလုပ် လုပ်ခွင့် အပါအဝင် ခရီးသွားခွင့်ပြုပါ

ရခိုင်ဒေသရှိ အစ္စလာမ်ဘာသာဝင်များကို အခြားလူမျိုးများနည်းတူ နိုင်ငံခြားသို့သွား၍ အလုပ်လုပ်ခွင့် ပေးပါ ။ ခရီးသွားလာခွင့်ကို ပေးပါ ။ ချုပ်နှောင် မထားပါနှင့် ။

# ရေရှည်ဆောင်ရွက်ရန်

## (၃) ဘင်္ဂလားဒေ့ရှ်နယ်စပ်ကို အုတ်တံတိုင်း မြင့်မြင့်ကာပါ

မတော်မတရားစွပ်စွဲချက်များကို ရပ်တန့်နိုင်ရန် နယ်စပ်ကို အုတ်တံတိုင်းမြင့်မြင့်ကာပါ။ နယ်စပ်ကုန်သွယ်ရေးစခန်းများကို ပိတ်ပါ။ စစ်တွေကုန်သွယ်ရေးစခန်းကိုလည်း ပိတ်ပါ။ ဘင်္ဂလားဒေ့ရှ် နယ်စပ် ကုန်သွယ်ရေးအားလုံးကို ရပ်ပါ။

## (၄) ခရစ်ယာန်နှင့် ဟိန္ဒူ လုံထိန်းများခန့်ထားရန်

ရခိုင်ဒေသတွင် ခရစ်ယာန်နှင့် ဟိန္ဒူလုံထိန်းများမရှိပါ။ အကြမ်းဖက် ရခိုင် လုံထိန်းများသာရှိပါသည်။ ခရစ်ယာန်နှင့် ဟိန္ဒူလုံထိန်းများ များများခန့်ထားရန်လိုပါသည်။ လုံထိန်းစခန်းများလည်း တိုးချဲ့ထားရန်လိုပါသည်။ စစ်တပ်များကိုလည်း တိုးချဲ့ချထားရန်လိုပါသည်။

## (၅) လူနည်းစုအခွင့်အရေးများပြဋ္ဌာန်းရန်

ရခိုင်ဒေသရှိ လူနည်းစုများ၏ တရားမျှတသောအခွင့်အရေးများကို ဖော်ထုတ်ပြဋ္ဌာန်းရန်လိုပါသည်။ လူနည်းစုများအား ကာကွယ်သည့်ဥပဒေများရှိရပါမည်။

## (၆) လူများစုများက ပြည်သူ့စစ်ဖွဲ့၍ လက်နက်တပ်ဆင်ပေးရန် တောင်းဆို

ပြည်သူ့စစ်ဖွဲ့၍ လက်နက်တပ်ဆင်ပေးလျှင် မြင်းကို ချိုတပ်ပေးသကဲ့သို့ဖြစ်မည်။ အခြေအနေပို၍ဆိုးမည်။ လက်နက်တပ်ဆင်ပေးမည်ဆိုလျှင်လည်း ဘက်နှစ်ဖက်လုံးကိုမျှမျှတတ တပ်ဆင်ပေးရပါမည်။ သို့မဟုတ်ပါက လူမျိုးတုံးသတ်ဖြတ်ခံရမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ကြောင့် ပြည်သူ့စစ်မဖွဲ့သင့်ပါ။ စစ်တပ်များကိုသာ တိုး၍ချထားသင့်သည်။ အာဏာပိုင်အဖွဲ့ အစည်းအဆင့်ဆင့်တွင် ခရစ်ယာန်နှင့် ဟိန္ဒူဘာသာဝင်များကိုပါ မျှမျှတတခန့်ထားသင့်သည်။ အခြားတိုင်းရင်းသားများပါ ပါဝင်နိုင်လျှင် ပိုကောင်းသည်။ ရခိုင် တစ်မျိုးတည်းကို ခန့်ထားရန် မသင့်ပါ။

# အခန်း(၆)

## ၆။ ကွဲပြားသောဘာသာအယူဝါဒရှိသူမတူညီသည့်လူမျိုးစုများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်မည့် နည်းလမ်းများ

### (၁) အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းများ၊ အပြည်ပြည်ဆိုင်ရာ စာချုပ်များ၊ နိုင်ငံတကာဥပဒေများ

ရခိုင်ဒေသရှိ အာဏာပိုင်အဆင့်ဆင့်ကို သင်တန်းများပေးရန်လိုအပ်သည်။ အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းများသည် အပြည်ပြည်ဆိုင်ရာစာချုပ်များ၊ ဥပဒေများမဟုတ်၍ လေးစားလိုက်နာရန်မလိုဟု မဆိုနိုင်ပါ။ ယဉ်ကျေးသည့်ကမ္ဘာ့နိုင်ငံများက လေးစားလိုက်နာသော ဓလေ့ထုံးတမ်းများရှိပါသည်။ ထိုဓလေ့ထုံးတမ်းများကို လေးစားလိုက်နာရန် စည်းနှောင်အားလည်း ရှိပါသည်။

အလားတူ အပြည်ပြည်ဆိုင်ရာ စာချုပ်များကိုလည်း ပါဝင်လက်မှတ်ထိုးသူအသီးသီးက လေးစားလိုက်နာရန် တာဝန်ရှိသည်။ အကယ်၍ လက်မှတ်ထိုးထားခြင်းမရှိပါလျှင်လည်း ဆန့်ကျင်ခွင့်မရှိပါ။ ဥပမာ... genocide ပြဿနာများ၊ စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများဆိုင်ရာစာချုပ်များကို လက်မှတ်မထိုးသူများပင်လျှင် ဆန့်ကျင်ကျူးလွန်ခွင့် မရှိပါ။ နိုင်ငံအစိုးရများအပေါ်တွင်စည်းနှောင်အားရှိပါသည်။

အလားတူ နိုင်ငံတကာဥပဒေများကိုလည်း လေးစားလိုက်နာရန် တာဝန်ရှိပါသည်။ ယခုအခါ ရခိုင်ဒေသမှ လုံထိန်းများနှင့် အာဏာပိုင်အချို့တို့သည် မျက်ကန်းတစ္ဆေ မကြောက် ဖြစ်နေကြပါသည်။ ထို့ကြောင့်စနစ်တကျ သင်တန်းများပေးသင့်ပါသည်။ မျက်ကန်းမျိုးချစ်များသည် သေသည်အထိ၄င်းတို့၏ အစွန်းရောက်သည့်အစွဲအလမ်းများကို မြဲမြဲကိုင်ဆွဲထားလေ့ရှိပါသည်။ အပြည်ပြည်ဆိုင်ရာခုံရုံးများတွင် အပြစ်ပေးခံရသူအားလုံးနီးနီး၊ ရုံးတင်ခံရဆဲ ပုဂ္ဂိုလ်အားလုံးနီးနီး ခေါင်းမာကြကြောင်းတွေ့ရသည်။ မည်သည့်အခါမှ ၄င်းတို့၏ အကြမ်းဖက်ဝါဒကို မစွန့်လွှတ်ကြပါ။

ထို့ကြောင့် ရခိုင်ဒေသတွင် အစွဲများချွတ်ရန်၊ စနစ်တကျ သင်တန်းများ ပေးရပါမည်။

## (၂) အာဏာပိုင်အဖွဲ့အစည်းအတွင်း ကွဲပြားသော ဘာသာအယူဝါဒ ရှိရန်လို

ကွဲပြားသော ဘာသာအယူဝါဒရှိသူများအကြား ငြိမ်းချမ်းစွာ အတူတကွ နေထိုင်နိုင်ရန်အတွက်အုပ်ချုပ်သူအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တွင် ကွဲပြားသောဘာသာ အယူဝါဒရှိသူများ မျှမျှတတပါဝင်ဖွဲ့စည်းရန် လိုအပ်ပါသည်။ တစ်ဘက်ကို အာဏာပိုင်များအဖြစ်ခန့်ထားပြီး ၊ အခြားတစ်ဘက်ကို ဖိနှိပ်ချုပ်ချယ်မည်ဆိုလျှင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရန် လုံးဝမဖြစ်နိုင်ပါ။ ခွဲခြားဆက်ဆံမှုအားလုံးကို ရာဇဝတ်မှုအဖြစ်ပြဋ္ဌာန်းလျက် ပြတ်ပြတ်သားသား အရေးယူအပြစ်ပေးရန် လိုအပ်ပါသည်။

## (၃) ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်၍ အရေးယူအပြစ်ပေးရန်

ရခိုင်ဒေသတွင် အကြမ်းဖက်ကျူးလွန်သူ လူနည်းစုများက တစ်ဖက်သတ်အရေးယူအပြစ်ပေးခံနေရပါသည်။ အကြမ်းဖက်ကျူးလွန်ကြသူအများစုက အရေးယူအပြစ်ပေးမခံရဘဲ အကြမ်းဖက်မှုများကို ဆက်လက်ကျူးလွန်နေကြပါသည်။ ဥပမာ– တောင်ကုတ်လူသတ်မှုကြီးသည် ထင်ရှားသော သာဓကဖြစ်သည်။ အကြမ်းဖက်ကျူးလွန်ကြသည့် လုံထိန်းများလည်း အာဏာရှိမြဲရှိနေသည်။ တရားမျှတမှုမရှိသ၍ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရန် မဖြစ်နိုင်ပါ။ ရခိုင်ပါတီကြီးတစ်ခုက တင်ပြသည့်အတိုင်း လူနည်းစုများအားလုံးကို မောင်းထုတ်မှသာလျှင် အကြမ်းဖက်သမားများက ကျေနပ်လက်ခံကြပါမည်။ ထို့ကြောင့် ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီအရေးယူမှသာလျှင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေနိုင်မည်ဟု သုံးသပ်ပါသည်။

# အခန်း(၇)

## ၇။ ဥပဒေစိုးမိုးရေး အကြံပြုချက်များ

(၁) စစ်တပ်ကို ဆက်လက်ချထားပါ။

(၂) လုံထိန်းတပ်ဖွဲ့တွင် ခရစ်ယာန်များနှင့် ဟိန္ဒူများကိုပါ ထည့်သွင်းပေးပါ။

(၃) ရဲစခန်းများကို တိုးချဲ့ပေးပါ။

(၄) လူနည်းစုအခွင့်အရေး ကာကွယ်သည့်ဥပဒေပြဋ္ဌာန်းပေးပါ။

(၅) ခွဲခြားဆက်ဆံမှုအားလုံး ဖယ်ရှားပေးပါ။

(၆) အစ္စလာမ်ဘာသာဝင်များအား၊ ဥပဒေနှင့်အညီ
နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးပါ။

(၇) အိမ်ထောင်ခွဲများကို အိမ်ထောင်စုဇယားများခွဲပေးပါ။

(၈) ခရီးသွားလာခွင့် ကန့်သက်ချက်များကို ဖယ်ရှားပေးပါ။

(၉) လယ်ယာကိုင်းကျွန်းများ မတရားသိမ်းခြင်းကို ရပ်ဆိုင်းပေးပါ။
သိမ်းပြီးသားများကိုလည်း ပြန်လည်ပေးအပ်ပါ။

(၁၀) ဒုက္ခသည်အားလုံးကို တရားဥပဒေနှင့်အညီ မျှမျှတတ ဆက်ဆံပါ။
မျှမျှတတ အိမ်ရာများ တည်ဆောက်ပေးပါ။
မတရားသိမ်းခြင်းခံထားရသည့် အိမ်များ၊ ဆိုင်ခန်းများအားလုံး၊
မူလပိုင်ရှင်သို့ ပြန်ပေးပါ။

# အခန်း(၈)

## ၈။ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအကြံပြုချက်များ

### (၁) လျှပ်စစ်မီး

ကျေးရွာများအရောက် လျှပ်စစ်မီးများ နေ့၊ည (၂၄)နာရီရရှိရေး ဆောင်ရွက်ပေးပါ။ ဒေသထွက်ဓာတ်ငွေ့များကို ဒေသခံပြည်သူများ ရရှိခံစားနိုင်ရန် ဆောင်ရွက်ပေးပါ။

### (၂) ဈေးဆိုင်များ

ဈေးများ(၃)ဆခန့် တိုးချဲ့တည်ဆောက်ပေးပါ။ အိမ်ဆိုင်များလည်း တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီစဉ်ပေးပါ။ စည်ပင်သာယာ မြေလွတ်များတွင် ဈေးရောင်းချနိုင်အောင် စီစဉ်ပေးပါ။ ဈေးသည်များအား ဖမ်းဆီးခြင်း၊ ဈေးကောက်များ တိုးမြှင့်ကောက်ခြင်းမပြုပါနှင့်။ အခြားအခွန်အကောက်များလည်း အထပ်ထပ်မကောက်ပါနှင့်။ ဈေးသည်များသည် လူမျိုးမခွဲ၊ ဘာသာမခွဲ ဈေးရောင်းကြသူများသာဖြစ်သည်။ ထို့ကြောင့် ဈေးသည်များရန်လိုသည်။ ဈေးသည်များကို အားပေးရန် ကာကွယ်ရန်လိုသည်။

### (၃) လမ်း တံတားများ

ပျက်စီးနေသော လမ်းတံတားများကို ပြုပြင်ရန်လိုပါသည်။ လမ်းတံတားများကို တိုးချဲ့ဆောက်လုပ်ရန်လိုပါသည်။ သို့မှသာ စီးပွားရေးဖွံ့ဖြိုးရန် အထောက်အကူပြုမည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် အလုပ်အကိုင်အသစ်များပေါ်မည်။ သို့မှသာ တစ်ဘက်နှင့်တစ်ဘက် ရန်ဆောင်မှု တဖြည်းဖြည်း လျော့ပါးသွားမည်။

### (၄) ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရန်လို

ရခိုင်ဒေသသည် ကမ္ဘာတွင် ချောင်အကျဆုံးနေရာဖြစ်သည်။ ကမ္ဘာလှည့်များလည်းမရှိ၊ နိုင်ငံတကာသတင်းသမားလည်းမရှိ၊ INGOများလည်း အလွန်ရှား၊ ပြည်တွင်းမှ အစွလာမ်ဘာသာဝင်များလည်း ရခိုင်သို့မသွားရဲကြပါ။ အခြားလူမျိုးများလည်း အနည်းအကျဉ်းသာသွားကြသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန်အလွန်ခက်ခဲသည်။ လဝက၏ ကန့်သတ်ချက်များ လျှော့ရန်လိုသည်။ အနိုင်ကျင့်ဗိုလ်ကျမှုများ ဖယ်ရှားရန်လိုသည်။ သို့မှသာ အလုပ်အကိုင်၊ အခွင့်အလမ်းများ တိုးပွားလာမည်။ တည်းခိုခန်းလုပ်ငန်းများလည်း တွင်ကျယ်လာမည်။ ပဋိပက္ခများလည်း လျော့နည်းလာမည်။

## (၅) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တိုက်ရိုက်သက်ဆိုင်ပါသည်။ ဒေသခံများကိုလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာနိုင်ရန် သင်တန်းများပို့ချရန်လိုသည်။ ၎င်းတို့ကိုယ်တိုင်ကလည်း ၎င်းတို့ဒေသ၏ ထူးခြားသောလုပ်ငန်းများကို ဖော်ထုတ်လုပ်ကိုင်နိုင်ရန်အားပေးရမည်။ ဒေသခံများကိုယ်တိုင် နိုင်ငံခြားထွက်၍ မိမိတို့နှင့် လက်တွဲဆောင်ရွက်နိုင်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေသင့်ကြောင်း အကြံပြုသင့်သည်။ အထူးသဖြင့် ပဋိပက္ခကို မီးခွက်ထွန်းရှာနေသူများလျော့နည်းသွားအောင် ဆောင်ရွက်ရပါမည်။

## (၆) (၅၀၀၀)ကျပ်တန်ဖုန်း

ရခိုင်ဒေသတွင်း လမ်းပန်းဆက်သွယ်မှုများအလွန်ညံ့သည်။ (၅၀၀၀)ကျပ်တန် ဖုန်းကဲ့သို့ သင့်လျော်သည့်ဖုန်းများ အမြန်ဆုံးရရှိရန် ဆောင်ရွက်ပေးသင့်သည်။ တယ်လီဖုန်းများအမြန်ဆုံး ချပေးနိုင်လျှင် ဒေသဖွံ့ဖြိုးရေးလည်း အလွန်လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည်။ အလုပ်ကိုင်အသစ်များလည်း ဖွံ့ဖြိုးတိုးတက်လာပေမည်။

## (၇)အာဆီယံအစည်းအဝေးများနှင့် နိုင်ငံတကာအားကစားပွဲများ၊ဖိတ်ခေါ်ပွဲများကျင်းပရန်

ဒေသခံပြည်သူများသည် ပိတ်လှောင် မွန်းကျပ်နေကြပါသည်။ မြန်မာနိုင်ငံသည် မကြာမီ အာဆီယံဥက္က|တာဝန်ယူရပါမည်။ ယခုအချိန်မှစ၍ နိုင်ငံတကာအစည်းအဝေးများ၊ ညီလာခံများ၊ ရခိုင်ပြည်နယ်တွင် ကျင်းပသင့်ပါသည်။ နိုင်ငံတကာအားကစားပြိုင်ပွဲများ၊ ဖိတ်ခေါ်ပြိုင်ပွဲများ၊ ချစ်ကြည်ရေးပွဲများကျင်းပသင့်ပါသည်။ သို့မှသာ အလုပ်အကိုင်အသစ်များလည်း ပေါ်ထွက်လာပါမည်။ ဒေသလည်း ဖွံ့ဖြိုးလာပါမည်။

## (၈) ပညာရေးကဏ္ဍ

အခြေခံပညာရေးစာသင်ကျောင်းများ၊ များများတိုးချဲ့ဖွင့်ပါ။ ရိုဟင်ဂျာဒေသများတွင် စာသင်ကျောင်းမြန်မြန်ဖွင့်ပေးပါ။ ရိုဟင်ဂျာ ဆရာဆရာမများ များများခန့်ထားပေးပါ။ သို့မှသာ ဆရာများက ရိုဟင်ဂျာလူငယ်များကို စာသင်ကျောင်းများတွင်သာမက အရပ်ထဲတွင်ပါ ဆုံးမသွန်သင်နိုင်မည်။ လူငယ်များ အယူမသီးရန်၊ အစွန်းမရောက်ရန်၊ ဗဟုသုတရှိရန် ဆရာ၊ ဆရာမများကသာလျှင် ဆောင်ရွက်နိုင်ပါမည်။ ရိုဟင်ဂျာများသည် အလွန်ခေတ်နောက်ကျကျန်ရစ်ခဲ့ပါသည်။ ခေတ်ပညာတတ် အလွန်နည်းပါသည်။

သမ္မတကြီး၏ အယူအဆကိုထောက်ခံလိုပါသည်။ ပညာရေးကဏ္ဍသည် အလွန်အရေးကြီးသော ကဏ္ဍဖြစ်သည်ဟု သဘောတူပါသည်။ ထို့ကြောင့် စာသင်ကျောင်းများလက်ရှိအရေအတွက်ထက် (၄)ဆခန့် ရိုဟင်ဂျာဒေသတွင် တိုးချဲ့တည်ဆောက်ရန် လိုအပ်ပါသည်။

## (၉) ကမ္ဘာ့ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ

မစ္စတာ ကင်တားနား မတိုင်မီရှိခဲ့သော လူ့အခွင့်အရေးကိုယ်စားလှယ်များ၊ အကြိမ်ကြိမ်ပြောင်းခဲ့ပြီးဖြစ်သည်။ မစ္စတာ ကင်တားနား တစ်ဦးတည်းသာလျှင် ယခုအချိန်အထိ ရှည်ကြာခဲ့သည်။ တည်မြဲခဲ့သည်။ မြန်မာပြည်အတွက်လည်း များစွာအကျိုးပြုခဲ့သည်ဟုမှတ်ယူပါသည်။ ရခိုင်ပြည်နယ်တွင် အကူအညီလိုအပ်သူများကိုလည်း အထိုက်အလျောက် ကူညီနိုင်ခဲ့သည်ဟု ယုံကြည်ပါသည်။အလားတူ အခြားအဖွဲ့အစည်းများကလည်း အကူညီလိုအပ်သူများကို အထိုက်အလျောက် ကူညီနိုင်ခဲ့ကြပါသည်။ သို့သော် အစွန်းရောက်များက ထိုအဖွဲ့အစည်းများကို ဘက်လိုက်သည်ဟု စွပ်စွဲကြပါသည်။ နိုင်ငံတကာလူသားချင်းစာနာသည့် အဖွဲ့စည်းအားလုံးကို ရခိုင်ပြည်နယ်မှ မောင်းထုတ်လိုကြသည်။ နိုင်ငံတကာအစိုးရများ၊ အဖွဲ့အစည်းများ၊ စာနယ်ဇင်းများ၊ အားလုံးကို ဘက်လိုက်သည်ဟု စွပ်စွဲကြပါသည်။ အားလုံး၏အသံကို နှုတ်ဆိတ်သွားစေလိုကြပါသည်။ သို့မှသာလျှင် ရိုဟင်ဂျာများအားလုံးကို တတိယနိုင်ငံသို့မောင်းထုတ်နိုင်မည်ဟု ယုံကြည်နေဟန်တူပါသည်။ ထိုသို့ မောင်းထုတ်လိုကြောင်း၊ ဆန္ဒထုတ်ဖော်ကြေညာပြီးလည်းဖြစ်သည်။ မစ္စတာကင်တားနားအားလည်း နောက်တစ်ကြိမ် မြန်မာပြည်မလာစေလိုပါ။ အသစ်တစ်ယောက် ပြောင်းလိုကြဟန်တူပါသည်။ ဘယ်လောက်ပြောင်းပြောင်း၊ ၄င်းတို့ နှစ်သက်မည်ဟုမယုံကြည်ပါ။ရခိုင်ဒေသတွင်NGO, INGOများနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအားလုံးအားကောင်းရန် လိုအပ်ပါသည်။ ထို့ကြောင့် အစိုးရအနေဖြင့် ထိုသို့အားကောင်းလာရန်၊ အလေးအနက်ထား ဆောင်ရွက်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

လေးစားစွာဖြင့်

(ဖိုးလှိုင်)

B.Sc.,H.G.P,R.L